3900

# ကရင်အမျိုးသမီးအစည်းအရုံး
# ဖွဲ့စည်းပုံအခြေခံဥပဒေ

[illegible]

[illegible]

# ကရင်အမျိုးသမီးအစည်းအရုံး
# ဖွဲ့စည်းပုံ အခြေခံဥပဒေ

# ကရင်အမျိုးသမီးအစည်းအရုံး ဖွဲ့စည်းပုံအခြေခံဥပဒေ

**နိဒါန်း**

ကရင့်တော်လှန်ရေး တောင့်တင်းခိုင်မာလာရေးနှင့် အောင်မြင်ရေးအတွက် ကရင်များအား လုံး၊ ကရင်အမျိုးသမီးအမျိုးသားများအားလုံး အတူတကွ မိမိတို့၏ ကျရာတာဝန် အခန်းကဏ္ဍတွင် ညီညီညာညာ လုပ်ဆောင်ရမည်ဖြစ်သည်။ ဤအမြင်ပေါ်တွင် အခြေခံပြီး ကရင်အမျိုးသမီးအစည်း အရုံးကို ကရင့်ခေါင်းဆောင် ဥက္ကဌ စောဘဦးကြီးမှ ကိုယ်တိုင်ဖွဲ့စည်း ထူထောင်ပေး၍ ရှေ့ဆောင်လမ်း ညွှန်ပေးခဲ့ပါသည်။ ကရင်အမျိုးသမီးအစည်းအရုံးသည် မိမိတို့၏ ကျရာတာဝန်ကို ကြိုးစားလုပ် ဆောင်ခဲ့၍ မိမိ၏ကရင့်တော်လှန်ရေးအတွက် အဖက်ဖက်မှ အကျိုးပြုခဲ့ပါသည်။ ဥက္ကဌစောဘဦးကြီး ကျဆုံးခဲ့ပြီးသည့်နောက်ပိုင်း ဤအစည်းအရုံးကို ပို၍ကောင်းမွန်လာအောင် ကြိုးစားပြီး ဆောင်ရွက်ခဲ့ သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ကရင်အမျိုးသမီးအစည်းအရုံးကို နေရာအတော်များများ တွင် ရပ်ဆိုင်းခဲ့ရပြီး အချို့သော ခရိုင်အဆင့်များတွင် ကြိုးစားပြီးတည်ငြိမ်အောင် ထိန်းချုပ်ထားခဲ့ သော်လည်း ဦးဆောင်ကွပ်ကဲလမ်းညွှန်မှု မထိရောက်သည့်အတွက် မလှုပ်ရှားနိုင်ဘဲ အမည်သာလျှင် တည်ရှိနေခဲ့ရသည်။

ကရင်အမျိုးသားအစည်းအရုံး၏ ၁၉၇၄ ခုနှစ်၊ ကရင်တမျိုးသားလုံးဆိုင်ရာ ကွန်ဂရက်တွင် သဘောတူညီ ဆုံးဖြတ်ချက်အရ ကရင်အမျိုးသမီးအစည်းအရုံးကို ပြန်လည်ဖွဲ့စည်းရန်ရှိခဲ့သော် လည်း ဦးဆောင်ကွပ်ကဲလမ်းညွှန်မှု မထိရောက်ခဲ့သည့်အတွက် ခရိုင်အဆင့် ကရင်အမျိုးသမီး အစည်းအရုံးဝင်များသည် အမည်သာလျှင်ရှိပြီး လှုပ်ရှားမှုများကို များစွာ မလုပ်ဆောင်နိုင်ခဲ့ပါ။ အထူးသဖြင့် ဘိတ်–ထားဝယ်ခရိုင်တို့တွင်သာ လှုပ်ရှားမှုရှိနေသည်ကိုတွေ့ရပြီး ကရင့်တော်လှန်ရေး အတွက် အကျိုးများစွာ ပြုခဲ့ပါသည်။ ကရင်အမျိုးသမီးများ စိတ်အားထက် သန်စွာဖြင့် မိမိကရင် တော်လှန်ရေးအောင်မြင်ရေး အတွက် ကျရောက်လာသော တာဝန်များကို ဖြည့်စွက်လုပ်ဆောင်ခြင်း၊ အဖွဲ့အစည်းဖြင့် ရုံပုံငွေရှာပြီး တော်လှန်ရေးကို တဖက်တလမ်းမှ ကူညီခြင်း၊ အထူးသဖြင့် ကရင် အမျိုးသားထုအတွင်း စာရိတ္တ ကောင်းမွန် မြင့်မားလာရေးအတွက် လုပ်ဆောင်ခဲ့ပါသည်။

ကရင့်တော်လှန်ရေး အောင်မြင်ရေးအတွက် ကရင်အမျိုးသမီးအစည်းအရုံးကို ဥက္ကဋ္ဌ စောဘ ဦးကြီးမှ စတင်ဖွဲ့စည်းထူထောင်ပေးခဲ့သည်ကို ဖျောက်ဖျက်၍မရပါ။ ကရင်အမျိုးသမီးအစည်းအရုံးကို ပြန်လည်ရှင်သန်လာစေပြီး တည်ငြိမ်တိုးတက် ဖွံ့ဖြိုးလာအောင်လုပ်ဆောင်ရန် အမှန်တကယ်လို အပ်ပြီး ကရင့်တော်လှန်ရေး အောင်မြင်ရေးအတွက် ကရင်အမျိုးသမီးများမှ မိမိတို့ ကရင့်တော်လှန် ရေးလုပ်ငန်းအတွင်း တာဝန်ယူလုပ်ဆောင်လာရန်နှင့် ကရင်အမျိုးသားအားလုံး၏ တာဝန်ဖြစ်ပါ သည်။

□□□

# အခန်း (၁)

## ကရင်တော်လှန်ရေးအတွင်း အမျိုးသမီးများ၏တာဝန်များ

### ၁။ လွန်ခဲ့သော အမျိုးသမီးများ၏ ဘဝအသက်တာ

ကမ္ဘာပေါ်တွင် ဖန်ဆင်းသော သက်ရှိအားလုံးတို့သည် အဖိုနှင့်အမဟူ၍ ရှိသကဲ့သို့ အမြင့်ဆုံးဖန်ဆင်းခံရသော လူသားတွင်လည်း အဖို၊ အမ၊ ယောကျ်ား၊ မိန်းမဟူ၍ ခေါ်ဝေါ်တည်ရှိပါသည်။ ယောကျ်ားနှင့် မိန်းမသည် လူသားချင်းအတူတူပင် ဖြစ်သည့်အားလျော်စွာ စားသောက်ခြင်း၊ သွားလာခြင်း၊ လုပ်ကိုင်ခြင်း၊ ခံစားတတ်ခြင်း၊ ကြီးထွားခြင်း၊ အိုမင်းခြင်းနှင့် နောက်ဆုံးတွင် ကွယ်လွန်အနိစ္စရောက်ကြသည်ခြင်း အတူတူပင်ဖြစ်သည်။ ထူးခြားချက်တခုမှာ မတူညီသော အင်္ဂါရပ်အမှတ်အသား၏အပေါ်တွင် အခြေခံပြီး အဖို၊ အမဟူ၍ ဤအချက်ပေါ်တွင် တာဝန်ဖြစ်လာသည်။

လူမျိုးအလိုက် အမျိုးသမီးများ၏ ခန္ဓာကိုယ်သည်လည်းကောင်း၊ အရုပ်အမောင်းအားဖြင့်လည်းကောင်း၊ ကာယခွန်အားအနေဖြင့်လည်းကောင်း အမျိုးသားများလောက် မကြီးမား၊ မသန်စွမ်းပါ။ အမျိုးသမီးများသည် ကိုယ်ဝန်ဆောင်ရခြင်း၊ ကလေးမွေးဖွားပေးရခြင်းနှင့်တကွ ကိုက်ခဲနာကျင်အောင့်အီးခြင်းကိုခံရပြီး အမျိုးသမီး၏တာဝန်သည် အများ၏အမြင်တွင် ကလေးထိန်းခြင်းနှင့် အိမ်စောင့်ခြင်းသာဖြစ်သည်။ ယောကျ်ားမှာမူ အထူးသဖြင့် ကာယစွမ်းအား သန်စွမ်းမှုကြောင့် အိမ်ထောင်မိသားစုကို စောင့်ရှောက်ကာ အလုပ်အကျွေးပြုရန်အတွက် သတ်မှတ်ထားကြသည်။ ဤအချက်ပေါ်တွင် အခြေခံပြီး လွန်ခဲ့သောခေတ်ကာလများအတွင်းတွင် အမျိုးသမီးများကို အထင်အမြင်သေးခြင်း၊ အဆင့်အတန်းခွဲခြား နှိမ်ပြောခြင်းများ ရှိခဲ့ပါသည်။ ဥပမာ–**"ကြက်မတွန်လို့ မိုးမလင်းပြီး"**ဟူသော စကားပုံသည် မိန်းမများကို နှိမ်၍ပြောဆိုထားကြောင်း ပေါ်လွင်သည်။ မိန်းမများသည် အသုံးမကျ၊ မျှော်လင့်အားကိုး၍မရဟူ၍ ဤကဲ့သို့ အထင်အမြင်သေးခြင်းကို ခံရခြင်းကြောင့် မဟာယောကျ်ားကြီးဝါဒအားဖြင့် ပိုမို၍ထပ်ဆင့် အဖိနှိပ်ခံခဲ့ရသည်။ မြေရှင်ပဒေသရာဇ်ခေတ်ကာလတွင် အမျိုးသမီးများကို အကြွေးလျော်ကြေးပေးဆပ်ရန် အဆင့်လောက်သာထားပြီး ယောကျ်ားများသည် မိမိတို့၏ မယား၊ သမီးများကို အကြွေးကျေရန်အတွက် ပေးဆပ်ခဲ့သည်အထိ ရှိခဲ့ပါသည်။ "အရင်းရှင်ခေတ်ကာလတွင် အမျိုးသမီးများကို ယောကျ်ားများ၏ အပျော်စိတ်ဖြေရာအတွက်သာ ထားကြသည်။

## ၂။ ယခုအချိန်ကာလ အမျိုးသမီးများ

ယနေ့ကမ္ဘာကြီးသည် တနေရာတွင် တည်ငြိမ်မနေဘဲ နေ့စဉ်ရက်စက် နေရာတိုင်းတွင် ပြောင်းလဲခြင်းများနှင့် ဖွံ့ဖြိုးတိုးတက်မှုများ အစဉ်မပြတ် ရှိနေပါသည်။ အနုပညာ၊ အတတ်ပညာများ တိုးတက်လာပြီး အတွေးအခေါ်အမြင်များသည်လည်း နက်နဲမြင့်မား ကျယ်ဝန်းလာနေသည်။ ဤပြောင်း လဲဖွံ့ဖြိုးလာမှုနှင့်အညီ ယခုကာလအတွင်း အမျိုးသမီးများအပေါ်တွင် ထားရှိသော သဘောထားအမြင်များလည်း ပြောင်းလဲလာသည်။

ယနေ့စကားပုံတခုအရ **"ပုခက်လွှဲသောလက်သည် ကမ္ဘာကို စိုးမိုးရသည်"** ဟု ဆိုပါသည်။ ဆိုလိုသည်မှာ လူမျိုးတမျိုး၏ကံကြမ္မာသည် မိခင်များနှင့် အမျိုးသမီးများလက်တွင် ရှိသည်ဟု ဆိုလိုပါသည်။ **"မိန်းမဖျက် ပြည်ပျက်၊ မိန်းမဆောင် ပြည်အောင်"** ဆိုသည့် စကားပုံတခုရှိသည်။ ဆိုလို သည်မှာ မိန်းမများဖျက်လျှင် ပြည်ပျက်နိုင်ပြီး မိန်းမများ တာဝန်ယူလုပ်ဆောင်လျှင် တိုင်းပြည် အောင်မြင်နိုင်မည်ဖြစ်သည်။

သမိုင်းရာဇဝင်ကို ပြန်ကြည့်လျှင် မိမိနိုင်ငံတနိုင်ငံအတွင်းတွင် လူမျိုးတမျိုးသည် ၎င်း၏ရန်သူနှင့် ရင်ဆိုင်ရချိန်၊ အခက်အခဲ ပူပင်သောကရောက်ရဆုံးအချိန် ယောကျ်ားများ ခြေကုန်လက်ပမ်းကျ၍ မည်သို့မျှ လုပ်မတတ်ကိုင်မတတ်သော အချိန်ကာလတွင် တိုင်းပြည်နှင့် မိမိ၏အမျိုးသားကို မိန်းမသာလျှင် ရပ်တည်၍ကယ်တင်ခဲ့ရပါသည်။

ယနေ့အချိန်ကာလ ကမ္ဘာပေါ်တွင် အမျိုးသမီးများသည် ယောကျ်ားများနှင့် ရင်ဘောင်တန်းနိုင်ရေးနှင့် တန်းတူရည်တူ အခွင့်အရေးများ ရရှိလာရန်အတွက် အမျိုးသမီးခေါင်းဆောင်များက ယောကျ်ားများနှင့်အတူ ပုခုံးချင်းယှဉ်ကာ ကြိုးစားလုပ်ဆောင်နေပါသည်။ အချို့သောတိုင်းပြည်များတွင် အမျိုးသမီးအချို့သည် အုပ်ချုပ်ရေးအခန်းကဏ္ဍများတွင် ယောကျ်ားများထက် သာလွန်ပြီး နိုင်ငံတော်နှင့် မိမိတို့လူမျိုး၏ အဓိကသော့ချက်ကျသော တာဝန်များတွင် ဖြစ်ရှိနေပါသည်။

❑❑❑

# ကရင့်တော်လှန်ရေးအတွင်း ကရင်အမျိုးသမီးများ၏တာဝန်များ

ကမ္ဘာပေါ်ရှိ နိုင်ငံတကာတွင် အမျိုးသမီးများသည် ယောကျ်ားများနှင့် ပုခုံးချင်းယှဉ်၍ ယောကျ်ားများ၏ရှေ့တွင် သာလွန်ရောက်ရှိနေသလို ယနေ့ကော်သူးလေတွင် ရှိနေသော ကရင်အမျိုးသမီးများသည်လည်း ကရင့်တော်လှန်ရေး အောင်မြင်မှုအတွက် မိမိတို့၏အစွမ်းများကို ဖော်ထုတ်ပြရမည်ဖြစ်သည်။ ကရင့်တော်လှန်ရေး အောင်မြင်ရေးအတွက် ယောကျ်ားများ၏တာဝန်သာလျှင်မဟုတ်ပါ။ တမျိုးသားလုံး၏ တာဝန်ဖြစ်သည့်အတွက်ကြောင့် အမျိုးသမီးများသည်လည်း တာဝန်ယူနိုင်သော အခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေပါသည်။

အမျိုးသမီးများဦးရေသည် အမျိုးသားများဦးရေထက် သာလွန်နေပါသည်။ ရာခိုင်နှုန်းအားဖြင့် အမျိုးသမီး ၅၁% ရှိပြီး အမျိုးသားများမှာ ၄၉% သာဖြစ်ပါသည်။ အမျိုးသမီးများသည် တော်လှန်ရေးအတွက် တာဝန်ယူကြရန် အချိန်တန်နေပါပြီ။ ယောကျ်ားများသည် ကာယခွန်အား (Physical strength)နှင့်ရှိပြီး အမျိုးသမီးများမှာ ဖွံ့ခံနိုင်ရည် (Stamina) များနှင့် ရှိကြပါသည်။ တိုက်ပွဲစစ်တလင်းအတွင်းနှင့်သွားရေးလာရေးတွင် မျက်မြင်ကိုယ်တွေ့ မြင်တွေ့ရပါသည်။

□□□

# အခန်း (၂)

**အပိုဒ် ၁။ အစည်းအရုံးအမည်**

ဤအစည်းအရုံးကို

(က) စကောကရင်ဘာသာဖြင့်... "ကညီပိဉ်မှဉ်ကရၢ"

(ခ) မြန်မာဘာသာဖြင့် ..."**ကရင်အမျိုးသမီးအစည်းအရုံး**"

(ဂ) အင်္ဂလိပ်ဘာသာဖြင့် ... "**Karen Women's Organization**"

**အပိုဒ် ၂။ အစည်းအရုံးအလံတော်**

အရောင် (က)အနီ၊ (ခ)အစိမ်း၊ (ဂ)အပြာ၊ ၂ပေစီ

အလျား ၅ပေ၊ အနံ ၄ပေ

အလံ၏အလယ်ဗဟိုတည့်တည့်တွင် ကြယ်တလုံးရှိသည်။

ကြယ်အရောင်သည် အဖြူရောင်ဖြစ်သည်။

ကြယ်အတိုင်းအတာသည် (၁၅)၊ တစ်ပေခြောက်လက်မ "ထောင့်စွန်းတခုနှင့်တခု အကွာအဝေးဖြစ်သည်"

ကြယ်၏အရိပ်သည် ကြယ်၏ကိုယ်ထည်နှင့် ၂လက်မအကွာအဝေးတွင် ရောက်ရှိနေသည်။

ကြယ်အရိပ်၏အရောင်သည် အမဲရောင်ဖြစ်သည်။

ကြယ်၏အရိပ်သည် လေးထောင့်ပေါ်လွင်နေသည်။

ကြယ်အရိပ်၏ အတိုင်းအတာ (၁၅)၊ တစ်ပေခြောက်လက်မရှိသည်။

ကြယ်၏အလယ်ဗဟိုတွင် ဖားစည်တစ်လုံးရှိသည်။

ဖားစည်၏အရောင်သည် ရွှေရောင်ဖြစ်သည်။

ဖားစည်မျက်နှာပြင်၏ အချင်း (၅၅)၊ ငါးလက်မခွဲရှိသည်။

၁။ အလံတော်အရွယ်အတိုင်းအတာ အပြည့်အစုံသည် အစည်းအရုံးဗဟိုအဆင့် အလံဖြစ်သည်။

၂။ ဗဟိုအလံတော်၏ အရွယ်အတိုင်းအတာ (၂/၃)သုံးပုံနှစ်ပုံသည် ခရိုင်/မြို့နယ်အဆင့် အစည်းအရုံးအလံဖြစ်သည်။

၃။ ဗဟိုအလံတော် အရွယ်အတိုင်းအတာ၏ (၅)ထက်ဝက်သည် ကျေးရွာအစည်းအရုံးအဆင့် အလံဖြစ်သည်။

**အလံတော်အရောင်များ၏ အနက်အဓိပ္ပါယ်**

၁။ အနီရောင်သည် ... ရဲရင့်ခြင်း (အကြောက်အရွံ့မရှိခြင်း)
၂။ အစိမ်းရောင်သည် ...သစ္စာရှိခြင်း "တိုင်းပြည်နှင့်လည်းကောင်း၊ အမျိုးသားခေါင်းဆောင် လုပ်ဖော်ကိုင်ဖက်များနှင့် သစ္စာရှိခြင်း"
၃။ အပြာရောင်သည် ... ငြိမ်းချမ်းခြင်းကို ဖော်ဆောင်သည်။

**အင်္ဂါရပ် အမှတ်အသားများ၏ အဓိပ္ပါယ်**

၁။ အဖြူရောင်ကြယ်သည် "ကောင်းမြတ်သော အလင်းကို ဆောင်ပေးသည်"
၂။ ကြယ်အရိပ် အမဲရောင်သည် "အမျိုးသမီးများ ဖိနှိပ်ခံရခြင်းနှင့် အထင်အမြင်သေးခံရသောဘဝမှ လုံးဝမလွတ်ကင်းသေးကြောင်း"
၃။ ဖားစည်သည် "ဖားစည်သည် အမျိုးသား၏ တိကျသော အမှတ်အသားတခုဖြစ်သည်။ ဖားစည်ကို တွေ့မြင်လိုက်ရခြင်းဖြင့် ကရင်လူမျိုးနှင့် ပတ်သက်ကြောင်း သိသာထင်ရှားစေခြင်း"
၄။ ဖားစည်အဝါရောင်သည် (ရွှေရောင်) "ရွှေသည် တန်ဖိုးရှိပြီး လူတိုင်းက ဂရုတစိုက် အလေးထားတန်ဖိုးထားခြင်း"

**အပိုဒ် ၄။ အစည်းအရုံး၏ ရည်ရွယ်ချက်**

- ကရင်အမျိုးသမီးများ၏ အမျိုးမျိုးသော ဖိနှိပ်ချုပ်ချယ်မှုဘဝမှ လွတ်မြောက်ရေး၊
- ကရင်အမျိုးသမီးများ၏ လူမှုအဆင့်အတန်း မြှင့်တင်ရေး၊
- ကရင်အမျိုးသမီးများ၏ နိုင်ငံရေးအသိ၊ တော်လှန်ရေးအသိများကို မြှင့်တင်ပေးရေး၊
- ကရင်အမျိုးသမီးများသည် ကရင်အမျိုးသား အစည်းအရုံး၏ တော်လှန်ရေးလမ်းစဉ်များကို နားလည်သဘောပေါက်ပြီး ကရင့်လွတ်မြောက်ရေးအတွက် တက်ကြွစွာပါဝင်၍ တာဝန်များထမ်းဆောင်ရေး၊
- ကရင်အမျိုးသမီးများ အမျိုးသမီးအခွင့်အရေး၊ တန်းတူရေးနှင့် မိမိကိုယ်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုများရရှိရေး၊
- ကရင်အမျိုးသမီးများ ကရင့်ယဉ်ကျေးမှု အစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ဖော်ထုတ်ရေး၊

**အပိုဒ် ၅။ အစည်းအရုံးဝင်များ**

- ကော်သူးလေနယ်မြေအတွင်းရှိ အမျိုးသမီးများ လူမျိုးမရွေး၊ ဘာသာမရွေး၊ အတန်းအစားမရွေးဘဲ ကရင်အမျိုးသမီးအစည်းအရုံး၏ စည်းမျဉ်းစည်းကမ်းများကို လက်ခံလိုက်နာကျင့်သုံးလျှင် အသင်းဝင်နိုင်ခွင့်ရှိသည်။
- အသက် ၁၅နှစ်နှင့်အထက်ရှိသူများ ကရင်အမျိုးသမီး အစည်းအရုံး၏ အသင်းသားဝင် (အဖွဲ့ဝင်)အဖြစ်ဝင်နိုင်သည်။

**အပိုဒ် ၆။ အစည်းအရုံးဝင်ကြေး**

– အစည်းအရုံးဝင်ကြေး ထိုင်းငွေဖြင့် ၁ဘတ်၊ မြန်မာငွေဖြင့် ၁၀ကျပ်။
– အစည်းအရုံး၏ နှစ်စဉ်ကြေး ထိုင်းငွေဖြင့် ၁ဘတ်၊ မြန်မာငွေဖြင့် ၁၀ကျပ်။

**အပိုဒ် ၇။ အစည်းအရုံး ဖွဲ့စည်းအုပ်ချုပ်ပုံ အဆင့်ဆင့်**

၁။ ကရင်အမျိုးသမီး အစည်းအရုံးကို ကျေးရွာ၊ မြို့နယ်၊ ခရိုင်နှင့် ဗဟိုဟူ၍ အဆင့်လေးဆင့် ဖွဲ့စည်းရမည်။

**၂။ ကျေးရွာအမျိုးသမီး အစည်းအရုံး ဖွဲ့စည်းပုံ**

(က) ကျေးရွာအမျိုးသမီး အစည်းအရုံး (အစည်းအရုံး အဖွဲ့ဝင်အားလုံး) အစည်းအဝေးကို တနှစ်တကြိမ်ကျင်းပပြီး အစည်းအဝေးမှ ကျေးရွာအမျိုးသမီးအစည်းအရုံး အမှုဆောင်ကော်မီတီကို ဖွဲ့စည်းရမည်။

(ခ) ကျေးရွာအမျိုးသမီး အစည်းအရုံး၏ အမှုဆောင်ကော်မီတီမှာ...

ဥက္ကဋ္ဌ
အထွေထွေအတွင်းရေးမှူး
စည်းရုံးရေးနှင့် ပညာပေးလေ့ကျင့်ရေးမှူး
ကျန်းမာရေးနှင့် ပညာရေးမှူး
လူမှုရေးတာဝန်ခံ
ဘဏ္ဍာရေးမှူး
စာရင်းစစ် တို့ဖြစ်သည်။

(ဂ) အမှုဆောင်ကော်မီတီများသည် ကျေးရွာအမျိုးသမီးအစည်းအရုံး၏ နေ့စဉ်လုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာများကို လုပ်ဆောင်ရမည်။

**၃။ မြို့နယ်၊ ခရိုင်၊ ဗဟို အမျိုးသမီးအစည်းအရုံး ဖွဲ့စည်းပုံ**

(က) မြို့နယ်၊ ခရိုင်၊ ဗဟိုကရင်အမျိုးသမီး ညီလာခံတိုင်းသည် သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ ဗဟိုအမျိုးသမီး အစည်းအရုံးအားလုံးအတွက် အမြင့်ဆုံးအာဏာရှိသည်။

(ခ) မြို့နယ်၊ ခရိုင်၊ ဗဟို အမျိုးသမီးအစည်းအရုံး ညီလာခံမှ မြို့နယ်၊ ခရိုင်၊ ဗဟို အမျိုးသမီး အစည်းအရုံး အမြဲတမ်းကော်မီတီအဖွဲ့ကို ဖွဲ့စည်းရမည်။

(ဂ) မြို့နယ်အမျိုးသမီးအစည်းအရုံး အမြဲတမ်းကော်မီတီဝင် ၁၅ဦး၊ ခရိုင်အမျိုးသမီး အစည်းအရုံး အမြဲတမ်းကော်မီတီဝင် ၂၁ဦးနှင့် ဗဟိုအမျိုးသမီး အစည်းအရုံး အမြဲတမ်းကော်မီတီဝင် ၃၁ဦး တို့ဖြစ်သည်။

(ဃ) အမြဲတမ်းကော်မီတီ အဖွဲ့ဝင်များမှ သဘာပတိ၊ သဘာပတိ(၂)၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးဟူ၍ စုစုပေါင်း၄ဦး ရွေးချယ်တင်မြှောက်ရမည်။ အမြဲတမ်းကော်မီတီ၏ သဘာပတိသည် အမျိုးသမီးအစည်းအရုံး၏ ဥက္ကဋ္ဌပင်ဖြစ်သည်။

(စ) အမြဲတမ်းကော်မီတီ၏ သဘာပတိ၊ သဘာပတိ(၂)၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးတို့သည်လည်း အမှုဆောင်ကော်မီတီ၏ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး တို့ဖြစ်သည်။

(ဆ) အမြဲတမ်းကော်မီတီ သဘာပတိ၊ သဘာပတိ(၂)၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့သည် အမြဲတမ်းကော်မီတီ အဖွဲ့ဝင်များထဲမှ ၅ဦးကို ရွေးချယ်ပြီး အမျိုးသမီးအစည်းအရုံး၏ တာဝန်များကိုယူရန်နှင့် အသိအမှတ်ပြုရန်အတွက် အမျိုးသမီးအစည်းအရုံး ညီလာခံမှ အတည်ပြုရမည်။

(ဇ) ညီလာခံမှ အတည်ပြုပြီးသော အစည်းအရုံး အဖွဲ့အစည်းကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်။

ဥက္ကဋ္ဌ
ဒု ဥက္ကဋ္ဌ
အထွေထွေအတွင်းရေးမှူး
တွဲဖက်အတွင်းရေးမှူး
စည်းရုံးရေးနှင့် ပညာပေးလေ့ကျင့်ရေးမှူး
ကျန်းမာရေးနှင့် ပညာရေးမှူး
လူမှုဝန်ထမ်းတာဝန်ခံမှူး
ဘဏ္ဍာရေးမှူး
စာရင်းစစ်

(ဈ) အမှုဆောင်ကော်မီတီသည် အမျိုးသမီးအဖွဲ့အစည်း၏ နေ့စဉ်လုပ်ငန်းတာဝန်များကို ဆောင်ရွက်သည်။

**အပိုဒ် ၈။ အစည်းအရုံးဝင်များ၏ အခွင့်အရေး**

– ကရင်အမျိုးသမီးအစည်းအရုံးဝင်များသည် အစည်းအဝေးများတွင် ပြောဆိုဆွေးနွေးနိုင်ခြင်း၊ ဝေဖန်နိုင်ခြင်း၊ အမှုဆောင်ရွေးကောက်ပွဲတွင် မဲဆန္ဒပေးနိုင်ခြင်း၊ ကန့်ကွက်နိုင်ခြင်း၊ မိမိကိုယ်တိုင် ပါဝင်အရွေးခံနိုင်ခြင်း။

– အစည်းအရုံး၏ လုပ်ငန်းများနှင့်ပတ်သက်၍ မိမိယူဆချက်များကို တင်ပြဆွေးနွေး အကြံဉာဏ်များ ပေးနိုင်ခွင့်ရှိသည်။

**အပိုဒ် ၉။ အစည်းအရုံးဝင်များ၏ တာဝန်နှင့်ဝတ္တရားများ**

– အစည်းအရုံးဝင်များသည် အစည်းအရုံးမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာကျင့်သုံးရမည်။

– အစည်းအရုံး၏ တိုးတက်ကြီးထွားရေးနှင့် ကရင့်တော်လှန်ရေး အောင်မြင်ရန်၊ ကရင်အမျိုးသမီးများဘဝ လွတ်မြောက်ရန်အတွက် ကျရောက်သောတာဝန်များကို အစွမ်းကုန် ကြိုးစားဆောင်ရွက်ကြရမည်။

**အပိုဒ် ၁၀။ အစည်းအရုံး၏ အစည်းအဝေးနှင့် ညီလာခံများ**

**၁။ အမှုဆောင်ကော်မီတီ အစည်းအဝေးကို**

(က) ကျေးရွာအမှုဆောင် ကော်မီတီအစည်းအဝေး ၂လ တကြိမ်

(ခ) မြို့နယ်အမှုဆောင် ကော်မီတီအစည်းအဝေး ၄လ တကြိမ်

(ဂ) ခရိုင်အမှုဆောင် ကော်မီတီအစည်းအဝေး ၆လ တကြိမ်

(ဃ) ဗဟိုအမှုဆောင် ကော်မီတီအစည်းအဝေး ၆လ တကြိမ်

**၂။ အမြဲတမ်းကော်မီတီအစည်းအဝေး**

(က) မြို့နယ်အမြဲတမ်း ကော်မီတီအစည်းအဝေး ၁နှစ် တကြိမ်

(ခ) ခရိုင်အမြဲတမ်း ကော်မီတီအစည်းအဝေး ၁နှစ် တကြိမ်

(ဂ) ဗဟိုအမြဲတမ်း ကော်မီတီအစည်းအဝေး ၂နှစ် တကြိမ်

**၃။ ညီလာခံ အစည်းအဝေး**

(က) ကျေးရွာအစည်းအဝေး ၁နှစ် တကြိမ်

(ခ) မြို့နယ်၊ ခရိုင်အစည်းအဝေး ၂နှစ် တကြိမ်

(ဂ) ပြည်လုံးကျွတ် အစည်းအဝေး ၄နှစ် တကြိမ်

**၄။ အရေးပေါ် အစည်းအဝေးနှင့် ညီလာခံ**

(က) အသင်းဝင်ထက်ဝက်က တောင်းဆိုလာလျှင်သော်လည်းကောင်း၊ အဆင့်ဆင့်သော အဖွဲ့အစည်း၏ ဥက္ကဋ္ဌနှင့် အမှုဆောင်များ တောင်းဆိုလာလျှင်သော်လည်းကောင်း၊ အရေးပေါ်အစည်းအဝေး (သို့) ညီလာခံကို ခေါ်ယူကျင်းပနိုင်သည်။

(ခ) အခြေအနေဖြစ်ပေါ်လာချက်အပေါ် အဆင့်ဆင့်သော အစည်းအရုံး၏ ဥက္ကဋ္ဌနှင့် အမှုဆောင်များကလည်း အရေးပေါ်အစည်းအဝေးသော်လည်းကောင်း၊ ညီလာခံသော်လည်းကောင်း ခေါ်ယူကျင်းပနိုင်သည်။

**၅။ အစည်းအဝေးများ တရားဝင်ဖြစ်ခြင်း**

(က) အမှုဆောင်အစည်းအဝေးများကို အမှုဆောင်ထက်ဝက်ကျော် တက်ရောက်ပါက ထိုအစည်းအဝေးသည် တရားဝင်သည်။

(ခ) ညီလာခံအစည်းအဝေးများသည် သတ်မှတ်ထားသော ကိုယ်စားလှယ်ထက်ဝက်ကျော် တက်ရောက်ပါက ထိုညီလာခံကို တရားဝင်ကျင်းပနိုင်သည်။

**အပိုဒ် ၁၁။ အစည်းအရုံး၏ ဘဏ္ဍာငွေများ**

**အစည်းအရုံး၏ ဘဏ္ဍာရေးဝင်ငွေများ...**

(က) ဝင်ကြေးငွေများနှင့် နှစ်စဉ်ကြေးငွေများ၊

(ခ) အထူးကောက်ခံရရှိသော အလှူငွေနှင့် မစငွေများ၊

(ဂ) အစည်းအရုံးဝင်များမှ သီးသန့်စီစဉ်၍ ရရှိသောငွေများ၊

**အစည်းအရုံးမှ ရရှိသောငွေများကို ခွဲဝေသုံးစွဲရေး**

(က) အစည်းအရုံးဝင်ကြေး၊ နှစ်စဉ်ကြေး၊ အလှူငွေနှင့် အစည်းအရုံးဝင်များ၏ အထူးသီးသန့်စီစဉ်သော လုပ်ငန်းများမှ ရရှိသောဝင်ငွေများကို ကျေးရွာမှ မြို့နယ်၊ မြို့နယ်မှခရိုင်၊ ခရိုင်မှ ဗဟိုသို့ အဆင့်ဆင့်ရရှိသော ငွေထဲမှ ၃၀ရာခိုင်နှုန်းစီ ပို့ပေးရမည်။

(ခ) အဆင့်ဆင့် အဖွဲ့အစည်းများသည် အထူးအရေးပေါ်သုံးစွဲရန် ငွေလိုပါက ထိုငွေလိုသော အစည်းအရုံး ကော်မီတီများ သဘောတူထောက်ခံချက်အရနှင့် ဆိုင်ရာအဖွဲ့အစည်း၏သဘောတူညီချက်အရ အထူးရံပုံငွေများ ကောက်ခံနိုင်သည်။ အဆင့်ဆင့်ဆိုင်ရာ အစည်းအရုံး၏ အမှုဆောင်ကော်မီတီများ၏ ထောက်ခံချက်ဖြင့်လည်း အဆင့်ဆင့်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့သို့ အကူအညီများ တောင်းဆိုနိုင်သည်။

**အပိုဒ် ၁၂။ အစည်းအရုံး၏ ဒီမိုကရေစီ ကြိုးကိုင်မှုစနစ်**

– အစည်းအရုံးဝင်တဦးသည် အစည်းအရုံး၏ ဆုံးဖြတ်ချက်ကို နာခံရမည်။

– အစည်းအရုံး၏ ဆုံးဖြတ်ချက်သည် မိမိဆန္ဒနှင့် မကိုက်ညီပါက သက်ဆိုင်ရာမိမိအဖွဲ့အစည်းသို့ မိမိ၏အမြင်ဆန္ဒကို တရားဝင် တင်ပြနိုင်ခွင့်ရှိသည်။

– အောက်ခြေအစည်းအရုံးသည် အထက်အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်နှင့်ညွှန်ကြားချက်များကို လိုက်နာအရေးယူ ဆောင်ရွက်ကြရမည်။

– အဆင့်ဆင့် အစည်းအရုံးသည် ဗဟိုအစည်းအရုံး၏ ဆုံးဖြတ်ချက်နှင့် ညွှန်ကြားချက်များကို အရေးယူလိုက်နာ ဆောင်ရွက်ကြရမည်။

– အောက်ခြေ အဆင့်ဆင့် အစည်းအရုံးများသည် အထက်အဖွဲ့အစည်း၊ အစည်းအရုံး၏ ဆုံးဖြတ်ချက်၊ ညွှန်ကြားချက်များအပေါ် ၎င်းတို့၏အမြင်နှင့် သဘောထားများကို ပြန်လည်ဝေဖန်ထောက်ပြနိုင်ခွင့်၊ အကြံပေးနိုင်ခွင့်များ ရှိစေရမည်။

**အပိုဒ် ၁၃။ အစည်းအရုံး၏ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေများကို ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်း**

– အစည်းအရုံး၏ ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်းဥပဒေ နည်းဥပဒေနှင့် ကျင့်ထုံးများကို ဖြည့်စွက်ပိုင်ခွင့်နှင့် ပြင်ဆင်ပိုင်ခွင့်ရှိသည်။

– အခြေခံစည်းမျဉ်းဥပဒေ၊ နည်းဥပဒေကျင့်ထုံးများကို ပြည်လုံးကျွတ် ညီလာခံကျင်းပသော အခါမှသာ ပြင်ဆင်နိုင်သည်။ ဖြည့်စွက်နိုင်သည်။ ပယ်ဖျက်နိုင်သည်။ အခြေအနေအရ ပြည်လုံးကျွတ် ညီလာခံမကျင်းပနိုင်သည့်အပေါ် ဗဟိုအမြဲတမ်း ကော်မီတီအစည်းအဝေးပွဲတွင် နည်းဥပဒေကျင့်ထုံးများကို အခြေအနေအရ ပြင်ဆင်ခွင့်၊ ဖြည့်စွက်ပိုင်ခွင့်ရှိသည်။ သို့သော် အပြီးဖျက်သိမ်းခွင့်ကို ပြည်လုံးကျွတ်ညီလာခံတွင်သာ ပြုလုပ်ခွင့်ရှိသည်။

❑❑❑

# အခန်း (၃)

# နည်းဥပဒေနှင့် ကျင့်ထုံးများ

**အပိုဒ် ၁။ အဆင့်ဆင့် အစည်းအရုံး၏ အမှုဆောင်များ ရွေးကောက်ခြင် –**

**ကျေးရွာအမှုဆောင်အဖွဲ့ကို ကျေးရွာအဖွဲ့ဝင်များ အစည်းအဝေး၌ ကျေးရွာအဖွဲ့ ဝင်များထဲ မှရွေးကောက်ရမည်။**

– မြို့နယ်အမှုဆောင်အဖွဲ့ကို မြို့နယ်အတွင်းရှိ ကျေးရွာအဖွဲ့ဝင် ကိုယ်စားလှယ်များ တက်ရောက်သည့် မြို့နယ်ညီလာခံ၌တက်ရောက်သော ကိုယ်စားလှယ်များက ရွေးကောက်ရမည်။

– ခရိုင်အမှုဆောင်အဖွဲ့ကို မြို့နယ်အဖွဲ့ဝင် ကိုယ်စားလှယ်များ၊ ကျေးရွာအဖွဲ့ဝင် ကိုယ်စားလှယ်များ တက်ရောက်သည့် ခရိုင်ညီလာခံ၌ တက်ရောက်သည့် ကိုယ်စားလှယ်များက ရွေးကောက်တင်မြှောက်ရမည်။

– ဗဟိုအမှုဆောင်အဖွဲ့ကို သတ်မှတ်ထားသော ခရိုင်ကိုယ်စားလှယ်များ၊ မြို့နယ်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်သည့် ပြည်လုံးကျွတ်ညီလာခံ၌ တက်ရောက်သော ကိုယ်စားလှယ်များက ရွေးကောက်တင် မြှောက်ရမည်။

★မှတ်ချက် ။ ။ ကရင်အမျိုးသမီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ရွေးကောက်ရန် ညီလာခံမကျင်း ပနိုင်သောကာလတွင် လုပ်ငန်းဖြစ်မြောက်ရေးအတွက် ယာယီဗဟို အလုပ်အမှုဆောင်အဖွဲ့ကို အမြဲ တမ်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ ရွေးချယ်ဖွဲ့စည်းနိုင်သည်။

**အပိုဒ် ၂။ အမှုဆောင်များ၏သက်တမ်း**

–ကျေးရွာအမှုဆောင်များ၏ သက်တမ်းသည် တနှစ်ဖြစ်သည်။ လုပ်ငန်းတိုးတက်မှုများ အတွက် တော်တည့်မှန်ကန်သော အမှုဆောင်ကောင်းများအပြင် အသစ်ကိုလည်း ရွေးချယ်နိုင်သည်။

– မြို့နယ်၊ ခရိုင် အစည်းအရုံး၏ အမှုဆောင်များသက်တမ်းသည် ၂နှစ်ဖြစ်သည်။

– လုပ်ငန်းတိုးတက်ရေးအတွက် ထိုအမှုဆောင်များကို ပြန်လည် ရွေးကောက်ပိုင်ခွင့်ရှိသည်၊ သို့မဟုတ် အသစ်များကိုလည်း ဖြည့်စွက်ရွေးကောက်နိုင်သည်။

– ဗဟိုအစည်းအရုံး အမှုဆောင်များ၏ သက်တမ်းသည် ၄နှစ်ဖြစ်သည်။ ထိုအမှုဆောင်များကို ပြန်လည်ရွေးကောက်ပိုင်ခွင့်ရှိသည်။

အပိုဒ် ၃။ အမှုဆောင်များ၏ တာဝန်နှင့်ဝတ္တရားများ

ကျေးရွာအမျိုးသမီး အစည်းအရုံး ဥက္ကဌ

– ကျေးရွာအမျိုးသမီးအစည်းအရုံးဥက္ကဌသည် ကျေးရွာအမျိုးသမီး အစည်းအရုံးနှင့် ကျေးရွာအသင်းဝင်များ၏ခေါင်းဆောင်ဖြစ်သည်။ အစည်းအရုံး၏လုပ်ငန်းဟူသရွှေတိုးတက်အောင် ရှေ့ဆောင်ကြီးကြပ် ကွပ်ကဲသွားရမည်။

– ကျေးရွာအမျိုးသမီး အစည်းအရုံး၏ အမှုဆောင်အစည်းအဝေးနှင့် ကျေးရွာအမျိုးသမီး ညီလာခံများ၏ သဘာပတိဖြစ်သည်။ အရေးပေါ်အမှုဆောင်အစည်းအဝေးနှင့်ကျေးရွာအမျိုးသမီးညီလာခံကို ခေါ်ဆိုနိုင်သည်။

– ကျေးရွာအမျိုးသမီး အစည်းအရုံး၏ အသုံးစရိတ်ငွေကို စနစ်တကျ တိုင်ပင်စီစဉ်ထုတ်ပေး သုံးစွဲပိုင်ခွင့်ရှိသည်။

– အထက်အမျိုးသမီး အစည်းအရုံးမှ ပေးပို့သော ညွှန်ကြားချက်များကို အကောင်အထည် ဖော်ထုတ်ရန် ဦးစီးဆောင်ရွက်ရမည်။

ကျေးရွာအမျိုးသမီး အစည်းအရုံး၊ စည်းရုံးရေးနှင့် ပညာပေးလေ့ကျင့်ရေးမှူး

– အမျိုးသမီးအစည်းအရုံး၏ လုပ်ငန်းတာဝန်အဝဝတို့ကို လေ့လာသိရှိထားရမည်။ ဗဟို၊ ခရိုင်၊ မြို့နယ် အထက်အဆင့်ဆင့်မှ ညွှန်ကြားချက်အရ ကျေးရွာအဖွဲ့ဝင် အမျိုးသမီးများအား ရှင်းလင်းပြရမည်။

– အမျိုးသမီး အစည်းအရုံး အဖွဲ့ဝင်များ ပိုမိုများပြားလာအောင် စည်းရုံးလှုံ့ဆော် ဖွဲ့စည်းရမည်။

– အစည်းအရုံးလုပ်ငန်းများ အောင်မြင်ရန် လှုံ့ဆော်ရေးများလုပ်ရမည်။ စိတ်အားထက်သန်စွာပါဝင်လာအောင် စည်းရုံးရမည်။

ကျေးရွာအမျိုးသမီး အစည်းအရုံး ပညာရေးနှင့် ကျန်းမာရေးမှူး

– ကျေးရွာအတွင်းရှိ အမျိုးသမီးနှင့် ကလေးသူငယ်များ စာတတ်မြောက်ရန် ပညာသင်ကြားရေးအတွက် ရှင်းလင်းဟောပြောရမည်။

– ကျေးရွာတွင် စာသင်ကျောင်းဖွင့်ပြီး စာသင်နိုင်သည်အထိ ဖြစ်နိုင်အောင် စည်းရုံးဟောပြောရမည်။ (ကျေးရွာငယ်လျှင် စုပေါင်းတာဝန်ယူရမည်)

– ကျောင်းဆရာ/ဆရာမ ဦးရေများပြားအောင် ဝိုင်းဝန်းဆက်သွယ် စည်းရုံးပြီး ကျေးရွာအတွက် ဆောင်ရွက်ကြရမည်။

– အိမ်တွင်းမှုလုပ်ငန်း သဘောပေါက် တတ်မြောက်ရန် ဟောပြောစီစဉ်ပေးခြင်း ပြုလုပ်ရမည်။ ဟင်းချက်နည်းအမျိုးမျိုး၊ မုန့်လုပ်နည်းအမျိုးမျိုး၊ ဇာထိုးပန်းထိုး၊ စက်ချုပ်နည်းအမျိုးမျိုး၊ ချည်ငင်၊ ချည်ယက်စသော ပညာများကို သင်ကြားပေးရန်နှင့် သင်ကြားနိုင်ရေး ဟောပြောရှင်းလင်းရမည်။

– မွေးမြူရေး၊ စိုက်ပျိုးရေး၊ အိမ်တွင်းရေး ဖွံလုံအောင် လုပ်ဆောင်ကြရန် တိုက်တွန်းဟော ပြောရမည်။
– အမျိုးသမီးများ ကျန်းမာသန့်စွမ်းရေး၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး၊ ကျန်းမာရေး၊ အတတ်ပညာများရှိစေရန် ကျန်းမာရေးပညာပေး ဟောပြောလှုံ့ဆော် အသိပေးရမည်။
– ကျေးရွာသန့်ရှင်းရေး စုပေါင်း၍ လုပ်ဆောင်ခြင်း၊ အိမ်သာနေရာများ စနစ်တကျရှိရေး စသည်တို့တိုးတက်ရေးအတွက် ပညာပေးဟောပြောဆောင်ရွက်ကြရမည်။

ကျေးရွာအမျိုးသမီး အစည်းအရုံးဝန်ထမ်းများ

– ညှိသည်များညှိခံရန်အတွက် အခြားတာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းပြီး စီစဉ်ဆောင်ရွက် ရမည်။
– ကျေးရွာတွင် စိုက်ပျိုးရေး အခမ်းအနားသော်လည်းကောင်း၊ နာရေးသော်လည်းကောင်း (သာရေး၊ နာရေး) ရှိလာပါက လိုအပ်သောကူညီဆောင်ရွက်မှုများ လုပ်ဆောင်နိုင်ရန် အမျိုး သမီးများ စုရုံးဖွဲ့စည်းပြီး အကူအညီပေး ဆောင်ရွက်ရမည်။
– အကူအညီ လိုအပ်သူများအတွက် လိုအပ်သော အဝတ်အထည်များ တတ်နိုင်သမျှ ကူညီ စီစဉ် ချုပ်လုပ်ပေးရမည်။
– ကရင်အမျိုးသားဝတ်စုံ (ကရင်အမျိုးသားအင်္ကျီ၊ ခေါင်းပေါင်း၊ လုံချည်၊ ထဘီနှင့်လွယ်အိတ်) များ စီစဉ် ယက်လုပ်ရမည်။
– အမျိုးသမီးများ အိမ်ထောင်ဖြောင့်ဖြူးစေရန်အတွက် လိုအပ်သော ဆွေးနွေးအကြံပေးမှု များ ပြုရမည်။ (အမှုဆောင်အားလုံး၏ တာဝန်ဖြစ်သည်)
– အကူအညီလိုအပ်သော အမျိုးသမီးများအတွက် လိုအပ်သလို အစည်းအရုံးမှ ကူညီစီစဉ် ဆောင်ရွက်ပေးရမည်။
– အမျိုးသမီးများ အကျင့်စာရိတ္တကောင်းမွန်ရေးနှင့် အကျင့်စာရိတ္တကောင်းများကို ထိန်း သိမ်းစောင့်ရှောက်ရန် ဆွေးနွေးဆုံးမ ဩဝါဒများပေးရမည်။
– ကရင်အမျိုးသမီးများ ဘဝလွတ်မြောက်ရေးအတွက် အတတ်နိုင်ဆုံး တာဝန်ယူ ကူညီဖြေ ရှင်းရမည်။

ကျေးရွာအမျိုးသမီး အစည်းအရုံး ဘဏ္ဍာရေးမှူး

– ကျေးရွာအမျိုးသမီး အစည်းအရုံး၏ ငွေနှင့်ငွေစာရင်းများကို စနစ်တကျ ထိန်းသိမ်းထား ရမည်။ ငွေများထုတ်ယူသုံးစွဲခွင့်ကို အစည်းအရုံး ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ရယူရမည်။

ကျေးရွာအမျိုးသမီး အစည်းအရုံး စာရင်းစစ်

– ကျေးရွာအမျိုးသမီး အစည်းအရုံး ငွေစာရင်းများ စနစ်တကျထားရှိမှု ရှိမရှိ စစ်ဆေးရမည်။
– အစည်းအရုံး၏ ဝင်ငွေထွက်ငွေစာရင်းကို ၃လတကြိမ် စစ်ဆေးပြီး ကျေးရွာအမျိုးသမီး

အစည်းအရုံး၏ သဘာပတိထံသို့ တင်ပြရမည်။

– ငွေထုတ်ယူသုံးစွဲမှုအပေါ် စနစ်ကျမှု မည်မျှအထိ ရှိသည်ကို စစ်ဆေးရမည်။

– ငွေစာရင်းချုပ်များနှင့် လက်ကျန်ငွေများ ဘဏ္ဍာရေးမှူးထံ၌ ကျန်ရှိသော လက်ကျန်ငွေများ ကိုက်ညီမှုရှိမရှိ စစ်ဆေးရမည်။

– အစည်းအရုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံဉာဏ်များပေးပြီး အခြားသောအမှုဆောင်များနှင့်လက်တွဲ တာဝန်ယူရမည်။

★မှတ်ချက် ။ ။ အမှုဆောင်များ တဦးစီဆောင်ရွက်ရန် တာဝန်နှင့်ဝတ္တရားများ ဖော်ပြထားသော်လည်း လက်တွေ့ဆောင်ရွက်ရာတွင် အပြန်အလှန် တိုင်ပင်ခြင်း၊ အသိပေးခြင်းများပြုလုပ်၍ ညီညွတ်စွာ တာဝန်ယူဆောင်ရွက်ကြရန်ဖြစ်သည်။

**အပိုဒ်၄။ မြို့နယ်အမျိုးသမီး အစည်းအရုံး အမှုဆောင်များ**

**မြို့နယ်အမျိုးသမီး အစည်းအရုံး ဥက္ကဋ္ဌ**

– မြို့နယ်အမျိုးသမီး အစည်းအရုံး ဥက္ကဋ္ဌသည် အစည်းအရုံး၏ လုပ်ငန်းများကို ရှေ့ဆောင်ကြီးကြပ် ကွပ်ကဲသွားရမည်။

– မြို့နယ်အမျိုးသမီးအစည်းအရုံး ဥက္ကဋ္ဌသည် အမှုဆောင်အစည်းအဝေးများနှင့် အမျိုးသမီးညီလာခံများတွင် သဘာပတိဖြစ်သည်။

– မြို့နယ်အမျိုးသမီး အစည်းအရုံး အရေးပေါ်အစည်းအဝေးနှင့် အရေးပေါ်ညီလာခံကို ခေါ်ယူနိုင်သည်။

– မြို့နယ်အမျိုးသမီး အစည်းအရုံး ဥက္ကဋ္ဌသည် မိမိ၏ အဖွဲ့အစည်းအတွက် အသုံးစရိတ်ငွေများကို ထုတ်ပေးသုံးစွဲနိုင်ခွင့်ရှိသည်။

– မြို့နယ်အမျိုးသမီး အစည်းအရုံး ဥက္ကဋ္ဌသည် အထက်အဆင့်ဆင့် အဖွဲ့အစည်းများမှပေးပို့သော ညွှန်ကြား ချက်များကို မိမိမြို့နယ်ဒေသတွင် အကောင်အထည်ဖော်နိုင်ရန် ဦးစီးရှေ့ဆောင်ရမည်။ မိမိလက်အောက်ရှိ ကျေးရွာအမျိုးသမီး အစည်းအရုံးများ၏ အခက်အခဲများကိုသိရှိပြီး လုပ်ငန်းများတိုးတက်စေရန် ကြီးကြပ်ရမည်။ လိုအပ်သလို ညွှန်ကြားခြင်းများ ပြုလုပ်သွားရမည်။

– မြို့နယ်အမျိုးသမီး အစည်းအရုံး ဥက္ကဋ္ဌသည် မိမိတာဝန်ရှိသော မြို့နယ်ကျေးရွာဒေသများသို့ အခြေအနေပေးအပ်သလို မဖြစ်မနေ လှည့်လည်ပြီး အစည်းအရုံး၏လုပ်ငန်းများ လေ့လာစစ်ဆေးခြင်း၊ အကြံဉာဏ်များပေးခြင်း၊ အားပေးခြင်းများ ပြုလုပ်ရမည်။

**မြို့နယ်အမျိုးသမီး အစည်းအရုံး ဒု–ဥက္ကဋ္ဌ**

– မြို့နယ်အမျိုးသမီး အစည်းအရုံး ဒု–ဥက္ကဋ္ဌသည် ဥက္ကဋ္ဌမှ တာဝန်ခွဲပေးသော လုပ်ငန်းများကို အကောင်အထည် ဖော်ထုတ်လုပ်ဆောင်သွားရမည်။

– ဥက္ကဋ္ဌသည် နာမကျန်းဖြစ်ခဲ့သော်၊ မရှိစဉ်အချိန်ကာလဖြစ်ခဲ့သော် ဒု–ဥက္ကဋ္ဌမှ ဥက္ကဋ္ဌ၏

လုပ်ငန်းအဝဝကို တာဝန်ယူ ဆောင်ရွက်သွားရမည်။
– မြို့နယ်အမျိုးသမီး အစည်းအရုံး ဒု–ဥက္ကဋ္ဌသည် ဥက္ကဋ္ဌနှင့်တိုင်ပင်ပြီး မိမိမြို့နယ် အစည်းအရုံး၏လုပ်ငန်းများ အကောင်အထည်ဖော်ရေးအတွက် နယ်လှည့်၍ လေ့လာစစ်ဆေးခြင်း၊ အကြံဉာဏ်များပေးခြင်း စသည်တို့ ကို လုပ်ဆောင်ရမည်။
– လုပ်ငန်းတာဝန်အရ လိုအပ်သော အသေးသုံးစရိတ်အတွက် ဥက္ကဋ္ဌနှင့်တိုင်ပင်ပြီး ထုတ်ယူသုံးစွဲနိုင်သည်။

**မြို့နယ်အမျိုးသမီး အစည်းအရုံး အတွင်းရေးမှူး**

– အစည်းအရုံးနှင့်ဆိုင်သော လုပ်ငန်းအဝဝတို့ကို ရှေ့ဆောင်လုပ်ကိုင်သွားရမည်။ ဥက္ကဋ္ဌ၊ ဒု–ဥက္ကဋ္ဌတို့နှင့် တိုင်ပင်ပြီးလုပ်ငန်းများ လုပ်ဆောင်ရမည်။
– အစည်းအရုံး၏ စာရွက်စာတမ်းများကို စနစ်တကျ သိမ်းဆည်းထားရမည်။ (အထက်မှ ညွှန်ကြားချက်များနှင့် အောက်ခြေသို့ ညွှန်ကြားချက်များ၊ အစီရင်ခံများ)
– အစည်းအရုံး၏လုပ်ငန်းများ အကောင်အထည်ဖော်ရေးအတွက် ဆော်ဩပေးရမည်။ နယ်ဆင်း၍လေ့လာစိစစ်ပြီး ရှေ့ဆောင်မှုပေးရမည်။
– လုပ်ငန်းများလုပ်ဆောင်ရာတွင် လိုအပ်သော ကုန်ကျမည့်ငွေများ၊ အသေးသုံးငွေများအတွက် ဥက္ကဋ္ဌများနှင့် တိုင်ပင်၍ စနစ်တကျ ထုတ်ယူ သုံးစွဲပိုင်ခွင့်ရှိသည်။ လစဉ်စာရင်းများ ပြုလုပ်ပြီး ရုံးတွင်ထားရမည်။

**မြို့နယ်အမျိုးသမီး အစည်းအရုံး တွဲဖက်အတွင်းရေးမှူး**

– အတွင်းရေးမှူးနှင့်တိုင်ပင်ပြီး လုပ်ငန်းတာဝန်များကို တွဲဖက်၍လည်းကောင်း၊ ခွဲဝေ၍လည်းကောင်း လုပ်ဆောင်သွားကြရမည်။
– အတွင်းရေးမှူးမရှိချိန်တွင် အတွင်းရေးမှူး၏ လုပ်ငန်းတာဝန်များကို တာဝန်ယူထမ်းဆောင်ရမည်။
– တွဲဖက်အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့သည် လိုအပ်သလိုနယ်ဆင်း၍ စည်းရုံးရေးလုပ်ငန်းအတွက် ငွေကြေးကောက်ခံခြင်း၊ ခွဲဝေခြင်း၊ သုံးစွဲခြင်းများ စနစ်ကျမကျ လေ့လာဆန်းစစ်ပြီး ရှေ့ဆောင်ရှင်းလင်းမှုများ ပြုလုပ်ရမည်။
– တွဲဖက်အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့သည် ငွေစာရင်းရှင်းတမ်းများကို ပြုလုပ်၍အမှုဆောင်အစည်းအဝေးများတွင် တင်ပြရမည်။ အထက်အဖွဲ့အစည်းသို့လည်း ၃လတကြိမ် ရှင်းတမ်းများ အစီရင်ခံရမည်။

**မြို့နယ်အမျိုးသမီး အစည်းအရုံး၏ စည်းရုံးရေးနှင့် ပညာပေးလေ့ကျင့်ရေးမှူး**

– အစည်းအရုံး၏ ရည်ရွယ်ချက်လုပ်ငန်းစဉ်တို့ကို သဘောပေါက်နားလည်ထားရန် လေ့လာထားရမည်။
– အမျိုးသမီးထုအား ရှင်းလင်းပွဲ၊ ဟောပြောပွဲ၊ ဆွေးနွေးပွဲများပြုလုပ်ပြီး အမျိုးသမီးအဖွဲ့ဝင်

များပြားလာအောင် စည်းရုံးပညာပေး လှုံ့ဆော်ရမည်။ အစည်းအရုံး၏ အောင်မြင်ချက်များ၊ အမျိုးသမီးများ၏ ဖိနှိပ်ခံဘဝ လွတ်မြောက်ရေးတိုက်ပွဲကို ထမ်းဆောင်ခြင်းသည် မှန်မြတ်တရားကြောင်း လှုံ့ဆော်ရမည်။

– ခရိုင်နှင့် ဗဟိုအစည်းအရုံးမှ ပေးပို့သောကြေငြာချက်၊ ထုတ်ပြန်ချက်များကို အမျိုးသမီးထုလူထုအတွင်း ကိုယ်တိုင်ဆင်း၍ ပညာပေးလှုံ့ဆော်ရမည်။

– မြို့နယ်၏ စည်းရုံးရေးနှင့် ပညာပေးလေ့ကျင့်ရေးလုပ်ငန်းကို ၁လတကြိမ် ခရိုင်စည်းရုံးရေးနှင့် ပညာပေးလေ့ကျင့်ရေးမှူးထံသို့ အစီရင်ခံရမည်။

– မြို့နယ်အတွင်း ရန်သူများလာရောက်စဉ် ညစ်ပတ်မှုများကို တိတိကျကျ လေ့လာပြီး အမျိုးသမီးထုများသိရန် ဖော်ထုတ်ပညာပေးရမည်။ အထက်အဖွဲ့အစည်းသို့လည်း အစီရင်ခံရမည်။

– အမျိုးသမီးထုအတွင်း ရှေ့တန်းမှ တာဝန်ယူနေသော အမျိုးသမီးခေါင်းဆောင်များ အကြောင်းကို လေ့လာပြီး မိမိအမျိုးသမီးထုအား ရှင်းလင်းဟောပြောခြင်း၊ အားပေးခြင်းများ ပြုလုပ်ပေးရမည်။

## မြို့နယ်အမျိုးသမီး အစည်းအရုံး ပညာရေးနှင့် ကျန်းမာရေးမှူး

– စာမတတ်သော အမျိုးသမီးများ စာရေးတတ်၊ ဖတ်တတ်အောင် အရွယ်ရှိတုန်းကျောင်းနေရန်နှင့် မိဘများကိုလည်း သားသမီးများအား ကျောင်းထားရန် တိုက်တွန်းကြရမည်။

– အမျိုးသမီးထုတရပ်လုံးအတွက် ဗဟုသုတဖြစ်စေသော စာအုပ်စာတမ်းများ လေ့လာပြီး အသိပညာ၊ အတတ်ပညာ တိုးတက်စေရန် ဆွေးနွေးပွဲ ဟောပြောပွဲများပြုလုပ်ပြီး ရှင်းလင်းလှုံ့ဆော်ပညာပေးရမည်။

– ကျေးရွာများတွင် စာသင်ကျောင်းများ ပိုမိုဖွင့်လှစ်နိုင်ရေးအတွက် ဆော်ဩရန်နှင့် ဆရာဆရာမ ဦးရေများအောင် မိမိအဆက်အသွယ်ရှိရာများကို စည်းရုံးဖော်ထုတ်ရမည်။

– တက်ကြွသောအမျိုးသမီးများအား စည်းရုံး၍ တော်လှန်ရေးအသိပေးခြင်း၊ တော်လှန်ရေးတာဝန်ကို အချိန်ပြည့်ထမ်းဆောင်နိုင်ရေးများအထိ ပညာပေးရမည်။

– အိမ်တွင်းမှုလုပ်ငန်း၊ ခေတ်မီဟင်းချက်နည်း၊ မုန့်လုပ်နည်း၊ ဇာထိုးပန်းထိုး၊ စက်ချုပ်၊ အင်္ကျီချုပ်၊ ချည်ငင်ချည်ယက်စသည်များကို အချိန်ယူကာနှံ့သတ်ပြီး ရက်တိုသင်တန်းပေးခြင်းများ စီစဉ်ဆောင်ရွက်ရန် စိုက်ပျိုးရေး၊ မွေးမြူရေး အမျိုးမျိုးတို့ကို အတွေ့အကြုံဖလှယ်သော ဆွေးနွေးပွဲများ စနစ်တကျ စီစဉ်ပေးရမည်။

– ကျန်းမာရေးအတွက် ကျေးရွာအမျိုးသမီးများအား နယ်ဆင်း၍ ပညာပေးရှင်းလင်းရမည်။ ရောဂါအမျိုးမျိုး၊ အိမ်ထောင်သားမွေးခြင်းများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးများ၊ စနစ်တကျ ကုသစောင့်ရှောက်ရေးအတွက် ရှင်းလင်းပြီး လက်တွေ့ဖြစ်နိုင်သောအခဆင့်မှ ဆောင်ရွက်နိုင်ရန် ဆော်ဩရမည်။

**မြို့နယ်အမျိုးသမီး အစည်းအရုံး လူမှုရေးတာဝန်ခံ**

– ကျေးရွာအမျိုးသမီး အစည်းအရုံး လူမှုရေးတာဝန်ခံ၏ လုပ်ငန်းတာဝန် ဝတ္တရားများ ပိုမိုကောင်းမွန် တိုးတက်လာအောင်လုပ်ဆောင်ရန် တာဝန်ရှိသည်။

– ကျေးရွာလူမှုရေးတာဝန်ခံ၏ လုပ်ငန်းများတိုးတက်စေရန်အတွက် ကျေးရွာလူမှုရေး တာဝန်ခံများကို ရက်ကန့်သတ်၍ စနစ်တကျခေါ်ယူပြီး ဆွေးနွေးပြခြင်း၊ ရှင်းလင်းပြခြင်းများ ရှေ့ဆောင်လုပ်ပေးရမည်။

– မြို့နယ်မှ ကျေးရွာလူမှုရေးတာဝန်ခံများထံသို့ နယ်ဆင်းသွားရောက်ပြီး ကျေးရွာအလိုက် ဆွေးနွေးပွဲ၊ စည်းဝေးပွဲများ ခေါ်ယူရှင်းလင်း ပညာပေးမှုများ ပြုလုပ်ရမည်။ လူမှုရေးအသိ ပိုမိုမြင့်မားလာအောင် လှုံ့ဆော်ပညာပေးရမည်။

– ကျေးရွာလူမှုရေးတာဝန်ခံများနှင့် အမျိုးသမီးထုအား ပညာပေးနိုင်ရန် မိမိကိုယ်တိုင်အရင် လေ့လာ ဆည်းပူးထားရမည်။

– အထက်ခရိုင်၊ ဗဟို အဖွဲ့အစည်း တာဝန်ခံများ၏ အကူအညီကိုလည်း အချိန်မှီကြိုတင် တောင်းဆိုရမည်။

– အမျိုးသမီးထုတရပ်လုံး လူမှုရေးအသိအဆင့်မှီအောင် ကြိုးစားပြီး လှုံ့ဆော်ရမည်။

**မြို့နယ်အမျိုးသမီး အစည်းအရုံး၏ ဘဏ္ဍာရေးမှူး**

– အစည်းအရုံးငွေများကို စာရင်းများနှင့်တကွ စနစ်တကျ ထားရှိရမည်။

– အစည်းအရုံး၏ ဝင်ငွေထွက်ငွေ၊ ငွေစာရင်းရှင်းတမ်းအားလုံးကို စနစ်တကျ စာရင်းပြုစုထားရမည်။

**မြို့နယ်အမျိုးသမီး အစည်းအရုံး စာရင်းစစ်၏တာဝန်များ**

– ကျေးရွာအမျိုးသမီး အစည်းအရုံး၏ ငွေစာရင်းရှင်းတမ်းများ ထားရှိမှုရှိမရှိ စစ်ဆေးရမည်။ အစည်းအရုံး၏ ဝင်ငွေထွက်ငွေစာရင်းများကို ဖလတကြိမ် စစ်ဆေးပြီး မြို့နယ်အမျိုးသမီး အစည်းအရုံး သဘာပတိထံသို့ တင်ပြရမည်။

– ထုတ်သုံးငွေများ စနစ်တကျ သုံးစွဲမှုရှိမရှိ စစ်ဆေးရမည်။

– ဘဏ္ဍာရေးမှူးထံတွင် လက်ရှိလက်ကျန်ငွေနှင့် ငွေစာရင်းရှင်းတမ်းချုပ်တို့ ကိုက်ညီမှုရှိမရှိ စစ်ဆေးရမည်။

– အစည်းအရုံးတိုးတက်စေရန် အကြံဉာဏ်များပေးခြင်း၊ အခြားအမှုဆောင်များနှင့်အတူ တာဝန်ခွဲဝေယူရမည်။

★မှတ်ချက် ။ ။ အမှုဆောင်များ တဦးစီဆောင်ရွက်ရန် တာဝန်နှင့်ဝတ္တရားများ ဖော်ပြထားသော်လည်း လက်တွေ့ဆောင်ရွက်ရာတွင် အပြန်အလှန်တိုင်ပင်ခြင်း၊ အသိပေးခြင်းများပြုလုပ်၍ ညီညွတ်စွာ တာဝန်ယူဆောင်ရွက်ကြရန် ဖြစ်သည်။

## အပိုဒ် ၅။ ခရိုင်အမျိုးသမီး အစည်းအရုံး အမှုဆောင်များ

### ခရိုင်အမျိုးသမီး အစည်းအရုံး ဥက္ကဋ္ဌ

– ခရိုင်အမျိုးသမီး အစည်းအရုံး၏ အမြင့်ဆုံးတာဝန်ခံ ခေါင်းဆောင်ဖြစ်သည်။
– ခရိုင်အစည်းအရုံး၏ လုပ်ငန်းအဝဝကို တိုးတက်အောင် ရှေ့ဆောင်ကြီးကြပ် ကွပ်ကဲသွားရမည်။
– ခရိုင်အမှုဆောင် အစည်းအဝေးနှင့် ခရိုင်ညီလာခံများတွင် သဘာပတိဖြစ်သည်။
– ခရိုင်အမျိုးသမီး အစည်းအရုံး၏ အရေးပေါ်ညီလာခံကို ခေါ်ဆိုကျင်းပနိုင်သည်။
– ခရိုင်အမျိုးသမီး အစည်းအရုံး၏ လုပ်ငန်းအတွက်နှင့် အသေးသုံးစရိတ်ငွေများကို ထုတ်ယူသုံးစွဲပိုင်ခွင့်ရှိသည်။
– ဗဟိုအမျိုးသမီး အစည်းအရုံးမှပေးပို့သော ညွှန်ကြားချက်များကို ခရိုင်အတွင်းရှိ မြို့နယ်များမှ အကောင်အထည်ဖော်နိုင်ရေးအတွက် ဆက်လက်ညွှန်ကြား အရေးယူဆောင်ရွက်ရမည်။
– ခရိုင်အတွင်းရှိ မြို့နယ်များသို့ သွားရောက်ရှေ့ဆောင် ကူညီဆောင်ရွက်ရန်ခရိုင်အမှုဆောင်များကို ခွဲဝေသတ်မှတ် တာဝန်ပေးရမည်။
– ခရိုင်၏လုပ်ငန်းများ မြို့နယ်အတွင်း အကောင်အထည်ပေါ် မပေါ် လေ့လာသုံးသပ်ပြီးလိုအပ်သလို ညွှန်ကြားချက်၊ အကြံဉာဏ်များပေးရမည်။
– ခရိုင်အစည်းအရုံးအနေဖြင့် ပညာပေးသင်တန်းများ မဖြစ်မနေ ဖွင့်ပေးရမည်။ လိုအပ်ပါကဗဟိုအစည်းအရုံးသို့ အကူအညီများ တောင်းယူရမည်။
– ခရိုင်၏ အခြေအနေအလုံးစုံကို ဗဟိုသို့ အစီရင်ခံရမည်။

### ခရိုင်အမျိုးသမီး အစည်းအရုံး ဒု–ဥက္ကဋ္ဌ

– ဥက္ကဋ္ဌမှ တာဝန်ခွဲဝေပေးထားသော လုပ်ငန်းများကို အကောင်အထည်ဖော် လုပ်ဆောင်ရမည်။
– ဥက္ကဋ္ဌသည် နာမကျန်းဖြစ်ခဲ့သော် (သို့) မရှိစဉ်ကာလဖြစ်ခဲ့သော် ဒု–ဥက္ကဋ္ဌမှ ဥက္ကဋ္ဌ၏လုပ်ငန်းများကို တာဝန်ယူလုပ်ဆောင်သွားရမည်။
–ဒုဥက္ကဋ္ဌသည် ဥက္ကဋ္ဌနှင့်တိုင်ပင်ပြီး မိမိခရိုင်အစည်းအရုံး၏ လုပ်ငန်းများတိုးတက်ရေးအတွက် နယ်လှည့်၍ အခြေအနေများ လေ့လာစစ်ဆေး အကြံဉာဏ်ပေးခြင်းများ ပြုလုပ်ရမည်။
– လုပ်ငန်းတာဝန်အရ လိုအပ်သောငွေကြေးများအတွက် ဥက္ကဋ္ဌနှင့် တိုင်ပင်ထုတ်ယူ သုံးစွဲပိုင်ခွင့်ရှိသည်။

### ခရိုင်အမျိုးသမီး အစည်းအရုံးအတွင်းရေးမှူး

– အစည်းအရုံး၏လုပ်ငန်းများ အကောင်အထည်ဖော်ရေးအတွက် နေ့စဉ်လုပ်ငန်းများ လုပ်ဆောင်ရမည်။ လိုအပ်သလို ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌတို့နှင့်တိုင်ပင်ပြီး ထိုးထွင်းကြံဆမှုရှိစွာ ရှေ့ဆောင်

လုပ်ကိုင်ရမည်။

– အစည်းအရုံး၏ စာရွက်စာတမ်းများကို စနစ်တကျ ထိန်းသိမ်းထားရမည်။

– လုပ်ငန်းတိုးတက်အောင်မြင်စေရန် နယ်ဆင်း၍ရှေ့ဆောင်ရမည်။ အကြံဉာဏ်များပေးခြင်း၊ ဆော်ဩခြင်းများကို အစဉ်ပြုလုပ်ပေးရမည်။

– လုပ်ငန်းများလုပ်ဆောင်ရာတွင် လိုအပ်သော ကုန်ကျမည့်ငွေများကို မိမိအမှုဆောင်များနှင့် တိုင်ပင်ပြီး ထုတ်ယူသုံးစွဲပိုင်ခွင့်ရှိသည်။

– စာရင်းအင်းများ စနစ်တကျထားရှိရေးနှင့် အစီရင်ခံစာများကို ပြင်ဆင်ခြင်း၊ ရေးသားခြင်းများ ပြုလုပ်ရမည်။ သက်ဆိုင်ရာ အောက်ခြေနှင့် အဖွဲ့အစည်းများထံမှ အစီရင်ခံစာများ တောင်းယူပြီး စုပေါင်း၍အထက်သို့ မှန်မှန်အစီရင်ခံရမည်။

– မိမိခရိုင်အတွင်း အမှန်တကယ်ဖြစ်ရှိနေသော အခြေအနေများကို အစီရင်ခံရမည်။

**ခရိုင်အမျိုးသမီး အစည်းအရုံး တွဲဖက်အတွင်းရေးမှူး**

– အတွင်းရေးမှူးနှင့်တိုင်ပင်ပြီး လုပ်ငန်းများကို တွဲဖက်၍သော်လည်းကောင်း၊ ခွဲဝေ၍သော်လည်းကောင်း လုပ်ဆောင်သွားရမည်။

– အတွင်းရေးမှူး မရှိချိန်တွင် ပေးအပ်ချက်အရ အတွင်းရေးမှူး၏ လုပ်ငန်းတာဝန်များကို တာဝန်ယူလုပ်ဆောင်ရမည်။

– ခရိုင်အတွင်းရှိ မြို့နယ်များသို့ နယ်ဆင်း၍ လုပ်ငန်းအမျိုးမျိုးဆိုင်ရာများ တိုးတက်အောင် အကြံဉာဏ်များပေးခြင်း၊ နယ်အတွေ့အကြုံများ လေ့လာခြင်းများ လုပ်ဆောင်ရမည်။ အသေးသုံးငွေများ စနစ်တကျ ထုတ်ယူသုံးစွဲနိုင်သည်။

**ခရိုင်အမျိုးသမီး အစည်းအရုံး စည်းရုံးရေးနှင့် ပညာပေးလေ့ကျင့်ရေးမှူး**

– အစည်းအရုံး၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်တို့ကို သဘောပေါက်နားလည်ထားရန် ကောင်းစွာ လေ့လာထားရမည်။

– မြို့နယ်ဒေသများသို့ဆင်း၍ မြို့နယ်တာဝန်ခံများနှင့်တွဲပြီး အမျိုးသမီးထုအား အစည်းအရုံးလုပ်ငန်းစဉ် သဘောတရားကို ဟောပြောပွဲ၊ ဆွေးနွေးပွဲများ ပြုလုပ်ပေးရမည်။

– အမျိုးသမီးထုမှ တော်လှန်ရေးအသိရှိလာပြီး တက်ကြွစွာ တာဝန်ထမ်းဆောင် လာကြရန်နှင့် အစည်းအရုံး၏ အောင်မြင်ချက်များကို ဟောပြောစည်းရုံး လှုံ့ဆော်ပေးရမည်။

– ဗဟိုမှ ပို့ပေးသော ကြေငြာချက်၊ ထုတ်ပြန်ချက်များကို ကိုယ်တိုင်နယ်ဆင်း၍ ရှင်းလင်းဟောပြောရမည်။ အခါအားလျော်စွာ ခရိုင်မှထုတ်သော ကြေငြာချက်များအပေါ် ပညာပေးလေ့ကျင့်ရမည်။

– ခရိုင်၏စည်းရုံးရေးနှင့် ပညာပေးလေ့ကျင့်ရေးလုပ်ငန်းများကို ဗဟိုသို့ အစီရင်ခံရမည်။

– အမျိုးသမီးများ နိုင်ငံရေးအသိ၊ တော်လှန်ရေးအသိ ပို၍ရှိစေလာရန် ရက်တိုသင်တန်းများ ဖွင့်နိုင်အောင် စီစဉ်ရမည်။ လုပ်အားလိုအပ်ပါက ဗဟို၏အကြံဉာဏ်များနှင့် အကူအညီများ

ကို တောင်းယူစီစဉ်ကြရမည်။

– ခရိုင်အတွင်း ရန်သူ၏ညစ်ပတ်မှု၊ စော်ကားမှုများကို ဖော်ထုတ်ဖွင့်ချ ကြေညာချက်များ ဖြန့်ချိရမည်။

## ခရိုင်အမျိုးသမီး အစည်းအရုံး ပညာရေးနှင့် ကျန်းမာရေးမှူး

– ခရိုင်အတွင်းရှိ မြို့နယ်၊ ကျေးရွာဒေသများတွင် ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်း တိုးတက်ကောင်းမွန်စေရန် အကြံဉာဏ်ထုတ်၍ ရှေ့ဆောင်လုပ်ကိုင်ရမည်။

– စာမတတ်သူပပျောက်စေရန် မိမိခရိုင်အတွင်း၌ ကိုယ်ထူကိုယ်ထ စာသင်ကျောင်းများ ပိုမိုဖွင့်လှစ်နိုင်ရေးအတွက် ပါဝင်ဆောင်ရွက်ရမည်။ အကြံဉာဏ်များ ပေးရမည်။ လိုအပ်သည့်နေရာများ၌ တာဝန်ယူထမ်းဆောင်ရမည်။

– ကလေးသူငယ်များ၊ စာမတတ်သောလူကြီးများသည် ပညာရေးကို စိတ်ဝင်စားလာစေရန် ကျောင်းနေလိုစိတ်ရှိစေရန် အစီအစဉ်ဖြင့် ရှင်းလင်းဆွေးနွေး အားပေးဟောပြောပွဲများ ပြုလုပ်ပေးရမည်။

– စာတတ်မြောက်ရေးအပြင် နိုင်ငံရေး၊ တော်လှန်ရေးအသိများရှိလာအောင် အမျိုးသမီးထုအား စည်းရုံးရမည်။ နိုင်ငံရေးသင်တန်းများ တက်ရောက်လာနိုင်အောင် လှုံ့ဆော်ရမည်။ တက်ကြွသူများအား မဖြစ်မနေ တက်ရောက်စေရမည်။

– အမျိုးသမီးများအား ပညာဗဟုသုတပွားများလာစေရန် ခေတ်မီဟင်းချက်နည်းများ၊ မုန့်လုပ်နည်းများ၊ ဇာထိုးပန်းထိုး၊ စက်ချုပ်၊ ယက်ကန်းအတတ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် အိမ်တွင်းမှုလုပ်ငန်းများကို တတ်မြောက်စေရန် မြို့နယ်များနှင့်လည်းကောင်း၊ အထက်ဗဟိုအဖွဲ့နှင့်လည်းကောင်း တိုင်ပင်၍ သင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ရေးအတွက် မဖြစ်မနေ ကြိုးစားဆောင်ရွက်ရမည်။

– ခရိုင်အတွင်း အမျိုးသမီးထုတွင်သာမက လူအများရောဂါဘယကင်း၍ ကျန်းမာရေးအခြေအနေကောင်းမွန်စေရန် အတတ်နိုင်ဆုံး ကြိုးစားရမည်။

– ကျေးရွာ၊ မြို့နယ်၊ ခရိုင်အတွင်း သူနာပြုအမျိုးသမီးများ အများအပြား ပေါ်ထွက်လာအောင် စီစဉ်ရမည်။

– ကလေးလူကြီး အမျိုးသမီးများ၌ ဖြစ်တတ်သောရောဂါများ ကာကွယ်ရေး၊ မိခင်နှင့်ကလေးများစောင့်ရှောက်ရေး စသည့်ကျန်းမာရေးပညာများ ဟောပြောရှင်းလင်းပေးရမည်။

– ရပ်ရွာသန့်ရှင်းရေး၊ အိမ်ပတ်ဝန်းကျင် သန့်ရှင်းရေးများ လုပ်ဆောင်ကြရန် ပညာပေးရုံသာမက လက်တွေ့ဆောင်ရွက်ရန် အစီအစဉ်များ ပြုလုပ်ပေးရမည်။

– ခရိုင်တာဝန်ခံအနေဖြင့် နယ်ဆင်း၍ တိတိကျကျ ရှေ့ဆောင်ပညာပေးရမည်။

## ခရိုင်အမျိုးသမီး အစည်းအရုံး လူမှုရေးတာဝန်ခံ

– ကျေးရွာ၊ မြို့နယ်ဒေသ လူမှုရေးတာဝန်ခံများ၏ လုပ်ငန်းတာဝန်များ တိုးတက်ကောင်းမွန်

ရေးအတွက် ခရိုင်လူမှုရေးတာဝန်ခံမှ လိုအပ်သောညွှန်ကြားမှုများ၊ ပညာပေးမှုများ ပြုလုပ်ရမည်။

– ကျေးရွာ၊ မြို့နယ်လူမှုရေးတာဝန်ခံများမှ တောင်းယူသော အကြံဉာဏ်များကို ရှေ့ဆောင်ပေးရမည်။

– ခရိုင်အတွင်းရှိ မြို့နယ်၊ ကျေးရွာအဖွဲ့အစည်းနှင့် အမျိုးသမီးထုအား လိုအပ်သော ပညာပေးဟောပြော ရှင်းလင်းရှေ့ဆောင်နိုင်ရန် အမျိုးသမီးဘဝအခြေအနေ၊ တော်လှန်ရေးအခြေအနေကို လေ့လာထားရမည်။

– ခရိုင်တခုလုံး၏ အခြေအနေကို တိကျစွာ ဗဟိုသို့ အစီရင်ခံရမည်။

## ခရိုင်အမျိုးသမီး အစည်းအရုံး၏ ဘဏ္ဍာရေးမှူး

– ခရိုင်အမျိုးသမီး အစည်းအရုံး၏ ဝင်ငွေထွက်ငွေ စာရင်းများကို စနစ်တကျ သိမ်းဆည်းထားရမည်။ ဝင်ငွေ၊ ထွက်ငွေ စာရင်းရှင်းတမ်းများကို လစဉ်အစီရင်ခံရမည်။

– ငွေစာရင်းရှင်းတမ်းများကို အမှုဆောင်ကော်မီတီ အစည်းအဝေး၌ အတည်ပြုရန် အထက်အစည်းအရုံးသို့ ဖြလတကြိမ် အစီရင်ခံစာ တင်ရမည်။

## ခရိုင်အမျိုးသမီး အစည်းအရုံး၏ စာရင်းစစ်

– ခရိုင်အမျိုးသမီး အစည်းအရုံး၏ ငွေစာရင်းများ စနစ်တကျထားရှိမှုရှိမရှိ စစ်ဆေးရမည်။

– အစည်းအရုံး ဝင်ငွေထွက်ငွေ စာရင်းများကို ဖြလတကြိမ် စစ်ဆေးပြီး ခရိုင်အမျိုးသမီး အမှုဆောင်ကော်မီတီ သဘာပတိထံ တင်ပြအစီရင်ခံရမည်။

– ငွေကြေးထုတ်ယူသုံးစွဲမှု စနစ်ကျမှုရှိမရှိ စစ်ဆေးရမည်။

– ဘဏ္ဍာရေးမှူးထံတွင် လက်ရှိလက်ကျန်ငွေနှင့် ငွေစာရင်းရှင်းတမ်းချုပ်တို့ ကိုက်ညီမှုရှိမရှိ စစ်ဆေးရမည်။

– အစည်းအရုံး တိုးတက်ရန် အမှုဆောင်ကော်မီတီဝင်များနှင့် တာဝန်ယူဆောင်ရွက်ရမည်။

## အပိုဒ် ၆။ ဗဟိုအမျိုးသမီး အစည်းအရုံး၏ ဥက္ကဋ္ဌ

– ကရင်အမျိုးသမီး အစည်းအရုံးအဆင့်ဆင့်၏ အမြင့်ဆုံးခေါင်းဆောင်ဖြစ်သည်။ ဗဟိုအစည်းအရုံးတခုလုံး၏ လုပ်ငန်းအားလုံးကို ရှေ့ဆောင်၍ တိုးတက်အောင်မြင်စေရန် တာဝန်ရှိသည်။ ကြီးကြပ်ကွပ်ကဲသွားရမည်။

– ဗဟိုအမှုဆောင် အစည်းအဝေး၏ သဘာပတိဖြစ်သည်။ ၎င်းအပြင် ပြည်လုံးကျွတ်ညီလာခံတွင်လည်း သဘာပတိဖြစ်သည်။

– ဗဟိုအမှုဆောင် အရေးပေါ် အစည်းအဝေးနှင့် ပြည်လုံးကျွတ်အရေးပေါ် ညီလာခံများကို ခေါ်ဆိုနိုင်သည်။

– အမျိုးသမီးထုတရပ်လုံး လွတ်မြောက်ရေးအတွက် ဆောင်ရွက်ရန် အောက်ခြေအဆင့်ဆင့် အစည်းအရုံးများသို့ အချိန်မှီ ညွှန်ကြားမှုများပေးရန် တာဝန်ရှိသည်။
– အမျိုးသမီးထုတရပ်လုံး လွတ်မြောက်ရေးဆောင်ရွက်နိုင်ရန် လုပ်ငန်းစဉ်များ၊ ညွှန်ကြားမှုများပေးရမည်။ ရှေ့ဆောင်ဦးရွက်ပြုနိုင်ရန် နိုင်ငံရေးအသိ၊ တော်လှန်ရေးအသိ၊ အမျိုးသမီးများ လှုပ်ရှားမှုနှင့် ဘဝအခြေအနေများကို လေ့လာသိရှိထားရမည်။
– အမျိုးသမီးများ ကရင့်အမျိုးသားလွတ်မြောက်ရေးအတွက် ပါဝင်လှုပ်ရှားရန် တာဝန်ယူ ဦးဆောင်ဖွဲ့စည်းပြီး အောက်ခြေအစည်းအရုံးများသို့ အသိပေးရမည်။
– အောက်ခြေအဆင့်ဆင့် အစည်းအရုံးများကို ရှေ့ဆောင်ရန် တာဝန်ရှိသည်။ ခရိုင်၊ မြို့နယ်၊ ကျေးရွာများအထိ အခြေအနေပေးအပ်သလို နယ်ဆင်းစည်းရုံးလှုပ်ရှားရန် ရှေ့ဆောင်ရမည်။
– ကရင့်တော်လှန်ရေးလမ်းစဉ်၊ လုပ်ငန်းစဉ်နှင့် တာဝန်ဝတ္တရားများကို နားလည်သဘောပေါက်ရန် လေ့လာထားရမည်။
– ကရင့်အမျိုးသားအစည်းအရုံးသည် မိခင်အစည်းအရုံး၏ ရှေ့ဆောင်အစည်းအရုံးဖြစ်၍ အပြန်အလှန် ဆက်စပ်မှုရှိရမည်။ မဏ္ဍိုင်ပြု ဆောင်ရွက်ရမည်။
– အစည်းအရုံး၏ ရုံပုံငွေများ၊ ဝင်ငွေထွက်ငွေများကို အမှုဆောင်များနှင့် တိုင်ပင်၍ ရှေ့ဆောင်စီစဉ်ပေးရန် တာဝန်ရှိသည်။

**ဗဟိုအမျိုးသမီး အစည်းအရုံး၏ ဒု–ဥက္ကဋ္ဌ**

– ဥက္ကဋ္ဌမှ တာဝန်ခွဲပေးထားသော လုပ်ငန်းများကို အကောင်အထည်ဖော်ရမည်။
– ဥက္ကဋ္ဌမှ နာမကျန်းဖြစ်ခဲ့သော်လည်းကောင်း၊ မရှိသောအချိန်ကာလ ဖြစ်ခဲ့သော်လည်းကောင်း ဒု–ဥက္ကဋ္ဌမှ ဥက္ကဋ္ဌ၏လုပ်ငန်းတာဝန်များကို တာဝန်ယူလုပ်ဆောင်သွားရမည်။
– ဒု–ဥက္ကဋ္ဌသည် ဥက္ကဋ္ဌနှင့်တိုင်ပင်ပြီး ဗဟိုအစည်းအရုံး၏ လုပ်ငန်းများကို အကောင်အထည်ဖော်ရေးအတွက် ခရိုင်၊ မြို့နယ်များသို့လှည့်လည်ကာ အခြေအနေများကို လေ့လာပြီးစစ်ဆေးခြင်း၊ လိုအပ်သောအကြံဉာဏ်များပေးခြင်း စသည်တို့ကို ရှေ့ဆောင်ရမည်။
– ဥက္ကဋ္ဌနှင့် သဘောတူတာဝန် ခွဲပေးထားသည့်အတိုင်း လုပ်ကိုင်ခွင့်ရှိသည်။

**ဗဟိုအမျိုးသမီး အစည်းအရုံး အထွေထွေအတွင်းရေးမှူး**

– ဗဟိုအမျိုးသမီး အစည်းအရုံး အထွေထွေအတွင်းရေးမှူးသည်
– အစည်းအရုံးတခုလုံး၏ လုပ်ငန်းပိုင်း တိုးတက်လာအောင် အကောင်အထည်ဖော်ရန်အတွက် ဥက္ကဋ္ဌများနှင့်တိုင်ပင်ပြီး လိုအပ်သလို အရေးယူဆောင်ရွက်ရမည်။
– နေ့စဉ်လုပ်ငန်းများကို ထိုးထွင်းကြံဆမှုရှိစွာ ရှေ့ဆောင်လုပ်ကိုင်ရမည်။ လိုအပ်သလို ခရိုင်များသို့ ညွှန်ကြားမှုများ ပြုလုပ်ရမည်။

– အောက်ခြေ အဆင့်ဆင့်မှလာသော အစီရင်ခံစာများကို လေ့လာစိစစ်ပြီး ပြန်လည်ရှေ့ဆောင်ရမည်။ လိုအပ်သလို ဥက္ကဌနှင့်တိုင်ပင်ရမည်။
– ဗဟိုအစည်းအရုံးနှင့်ဆိုင်သော စာရွက်စာတမ်းများကို စနစ်တကျ သိမ်းဆည်းထားရမည်။ အစီရင်ခံစာများကို ပြင်ဆင်ရမည်။
– ထုတ်ပြန်ကြေညာချက်၊ ပြန်တမ်း ကြေညာချက်များကို ပြင်ဆင်ပြီး ဥက္ကဌ၊ အမှုဆောင်များနှင့် ညှိနှိုင်းထုတ်ပြန်သွားရမည်။
– အောက်ခြေအစည်းအရုံး အဆင့်ဆင့်တို့၏ လုပ်ငန်းများကို စနစ်တကျတိုးတက်ရေးအတွက်နယ်ဆင်းပြီး လေ့လာကာ အကြံဉာဏ်များပေး၍ ရှေ့ဆောင်ရမည်။
– အမျိုးသမီးများ၏ ဘဝအခြေအနေများကို လေ့လာထားရမည်။ နိုင်ငံရေး၊ ကရင့်တော်လှန်ရေးလမ်းစဉ်များကို လေ့လာထားရမည်။ အခြေအနေပေးလာသည့် အခါအားလျော်စွာ သင်တန်းများပို့ချခြင်းနှင့် အဆင့်ဆင့်သော အစည်းအရုံး၏ ဦးစီးခေါင်းဆောင်များကို အသိပညာပေးရမည်။
– လုပ်ငန်းများဆောင်ရွက်ရန် ညွှန်ကြားမှုများပြုလုပ်ပါက ကရင်အမျိုးသား အစည်းအရုံးနှင့် ဆက်စပ်ဆက်သွယ်မှုရှိရမည်။
– အစည်းအရုံးတခုလုံး၏ အသင်းဝင်အမှုဆောင်စာရင်းများ၊ ငွေကြေးစာရင်းများကို စနစ်တကျထားရှိရန် စီစဉ်ရမည်။
– လုပ်ငန်းပိုင်းဆိုင်ရာအတွက် အသေးသုံးငွေ သုံးစွဲခွင့်ရှိသည်။
– အစည်းအရုံးအတွက် အခါအားလျော်စွာ လိုအပ်သောကြေညာချက်၊ ထုတ်ပြန်ချက်များကို အမှုဆောင်ကော်မီတီများနှင့် တိုင်ပင်၍ ဆောင်ရွက်ရမည်။

**ဗဟိုအမျိုးသမီး တွဲဖက်အတွင်းရေးမှူး**

– လုပ်ငန်းပိုင်းဆိုင်ရာများကို လုပ်ဆောင်ရန်အတွက် အတွင်းရေးမှူးနှင့်တိုင်ပင်၍ တာဝန်ခွဲဝေယူလုပ်ဆောင်ရမည်။
– အတွင်းရေးမှူး မကျန်းမာလျှင်သော်လည်းကောင်း၊ မရှိချိန်ကာလသော်လည်းကောင်း တွဲဖက်အတွင်းရေးမှူးမှ တာဝန်ယူလုပ်ဆောင်ရမည်။
– အတွင်းရေးမှူးနှင့် တိုင်ပင်ပြီး နယ်ဆင်း၍ အခြေအနေများ လေ့လာကာ လိုအပ်သော အကြံဉာဏ်များပေး၍ ရှေ့ဆောင်ရမည်။
– အောက်ခြေအဆင့်ဆင့် ရှေ့ဆောင်မှုပေးနိုင်ရန်နှင့် အရည်အချင်းရှိရန် လေ့လာထားရမည်။

**ဗဟိုအမျိုးသမီး အစည်းအရုံး စည်းရုံးရေးနှင့် ပညာပေး လေ့ကျင့်ရေးမှူး**

– အစည်းအရုံး၏ ရည်ရွယ်ချက်၊ လမ်းစဉ်နှင့် လုပ်ငန်းစဉ်တို့ကို သဘောပေါက်နားလည်ထားရမည်။
– ကရင်အမျိုးသား အစည်းအရုံး၏ ကြေညာချက်၊ ထုတ်ပြန်ချက်များရယူပြီး ၎င်းအပေါ်နှင့်

မိမိအစည်းအရုံး ကြေညာချက်များအပေါ် စည်းရုံးပညာပေး လေ့ကျင့်ရေးများ လုပ်ဆောင်ရန် စီစဉ်ရမည်။

– မိမိအစည်းအရုံး၏ အောင်မြင်ချက်များအပေါ် အောက်ခြေအဆင့်ဆင့်သို့ စည်းရုံးလှုံ့ဆော်ရေးများလုပ်ရန် ညွှန်ကြားဆော်သြရမည်။

– ရန်သူများ၏ လူထုဆန့်ကျင်မှု ညစ်ပတ်မှုများကို အောက်ခြေများမှ တိကျစွာ သတင်းယူစုဆောင်းပြီး ကြေငြာချက်ထုတ်၍ ခရိုင်များရှိ လူထုအတွင်း ကျယ်ပြန့်စွာ ပညာပေး လေ့ကျင့်ပေးရမည်။

– ခရိုင်၊ မြို့နယ်၊ ကျေးရွာအထိ နယ်ခဆင်းပြီး စည်းရုံးရေးနှင့် ပညာပေးလေ့ကျင့်ရေးများပြုလုပ်ကာ အောက်ခြေ၏လိုအပ်ချက်များကို အကြံဉာဏ်ပေး ရှေ့ဆောင်ရမည်။

– ကရင်အမျိုးသား အစည်းအရုံး ဗဟိုစည်းရုံးရေးဌာနနှင့် ဆက်သွယ်မှုများ ရှိနေရမည်။

– တက်ကြွသော အမျိုးသမီးစည်းရုံးရေးမှူးများ ထွက်ပေါ်လာရေး၊ အမျိုးသမီးများ တော်လှန်ရေးအသိရှိလာရေးအတွက် သင်တန်းများဖွင့်ပေးနိုင်ရေး၊ တက်ရောက်နိုင်ရေးများကို တိုင်ပင်စီစဉ် ဆောင်ရွက်ပေးရမည်။

## ဗဟိုအမျိုးသမီး အစည်းအရုံး ပညာရေးနှင့် ကျန်းမာရေးမှူး

– ကော်သူးလေဒေသအတွင်း ကျေးရွာလူထုများ ပညာရေးအခြေအနေနှင့် ကျန်းမာရေးအခြေအနေ ကောင်းမွန်တိုးတက်ရေး လုပ်ငန်းများဆောင်ရွက်ရန် တာဝန်ရှိပေသည်။

– စာမတတ်သူများ စာတတ်မြောက်ရေးအတွက် လုပ်ဆောင်နိုင်ရန် ကရင်အမျိုးသား အစည်းအရုံးဗဟိုဌာန တာဝန်ခံများနှင့် လိုအပ်သလို တိုင်ပင်ညှိနှိုင်းပြီး ခရိုင်၊ မြို့နယ်များသို့ ညွှန်ကြားရှေ့ဆောင် စီစဉ်ရမည်။ အောက်ခြေအထိဆင်း၍ ရှင်းလင်းရှေ့ဆောင်ရမည်၊ အကြံဉာဏ်များ ပေးရမည်။

– အမျိုးသမီးများ အိမ်ထောင်ထိန်းသိမ်းရေးအတွက် ထမင်း၊ ဟင်းချက်ပြုတ်နည်းအမျိုးမျိုး၊ ဇာထိုးပန်းထိုး၊ အပ်ချုပ်နည်းအမျိုးမျိုး၊ ယက်ကန်းအတတ်ပညာများ တတ်မြောက်စေရန်အတွက် အမှုဆောင်များနှင့်လည်းကောင်း၊ ကရင်အမျိုးသား ဗဟိုဌာနဆိုင်ရာများနှင့်ဆက်သွယ်တိုင်ပင်ပြီး သင်တန်းများဖွင့်၍ ပညာပေးနိုင်အောင် စီစဉ်ရမည်။

– အမျိုးသမီးများ မိခင်နှင့်ကလေး စောင့်ရှောက်ရေးပညာများ၊ အသိများရှိပြီး ကျေးရွာလူထုကို ကူညီနိုင်ရေးအတွက် အောက်ခြေအဆင့်ဆင့် အဖွဲ့အစည်းများနှင့် တိုင်ပင်၍လည်းကောင်း ကရင်အမျိုးသားအစည်းအရုံး ဗဟိုစည်းရုံးရေးဌာနဆိုင်ရာနှင့် ဆက်သွယ်၍လည်းကောင်း လိုအပ်သော အစီအစဉ်များ ရေးဆွဲလုပ်ဆောင် ညွှန်ကြားပေးရမည်။

– အောက်ခြေအဖွဲ့အစည်းများ၏ အစီရင်ခံစာများကို ကိုယ်တွေ့နယ်ဆင်း လေ့လာသုံးသပ်ပြီး လိုအပ်သလို အရေးယူရှေ့ဆောင် ဆောင်ရွက်ရမည်။

**ဗဟိုအမျိုးသမီး အစည်းအရုံး လူမှုရေးတာဝန်ခံ**

– အမျိုးသမီးများ လောကီရေးဆိုင်ရာ လူမှုပညာရေးဆိုင်ရာ အသိများ မှန်ကန်စွာတိုးတက်လာအောင် ပညာပေးလှုံ့ဆော်စည်းရုံးရန် တာဝန်ရှိသည်။

– အခြားလူမျိုး အမျိုးသမီးများဘဝ လွတ်မြောက်လာပုံ အကျဉ့်စာရိတ္တ ကောင်းမွန်ပုံနေထိုင်မှုစနစ်ကျပြီး အိမ်မှုလုပ်ငန်းများ သိနားလည်ပြီး ကောင်းမွန်စွာ ထိန်းသိမ်းနိုင်ပုံများကို ရေးသားထားသည့် စာစောင်စာတမ်းများ လေ့လာရမည်။ မိမိအမျိုးသမီးထုအား ပြန်လည်ရှင်းလင်း ဟောပြောဆွေးနွေးခြင်းများ ပြုလုပ်ရမည်။ စာတမ်းများပြုစုရေးသားပြီး ပြန်လည်ဖြန့်ဝေရမည်။

– ကျေးရွာဒေသများရှိ အမျိုးသမီးများ၏ အသိဘဝအခြေအနေ လူမှုရေးပိုမိုတိုးတက်လာစေရေး ကြိုးစားဆောင်ရွက်ကြရန် အောက်ခြေအဆင့်ဆင့်သို့ တာဝန်ပေး ရှေ့ဆောင်စေခြင်းအပြင် ဗဟိုမှအောက်ခြေအထိ နယ်ဆင်းလှည့်လည်ပညာပေး ဆွေးနွေးရှေ့ဆောင်ရမည်။

– အမျိုးသမီးများ လူမှုရေး၊ ဆက်ဆံရေးနှင့် ညှိဝတ်ကျေပွန်ရေးတို့တွင် ပိုမိုတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်ရမည်။

**အပိုဒ် ၇။ အမျိုးသမီး အစည်းအရုံး အဖွဲ့ဝင်တိုင်း လိုက်နာရမည့် စည်းကမ်းချက်များ**

**အမျိုးသမီး အစည်းအရုံး အဖွဲ့ဝင်တိုင်းသည်**

– အစည်းအရုံး၏ မူဝါဒစည်းမျဉ်း ဥပဒေအတိုင်း ကြိုးစားလိုက်နာ ဆောင်ရွက်ကြရမည်။
– အစည်းအရုံး၏ သဘောတူဆုံးဖြတ်ချက်များကို လိုက်နာကျင့်သုံး ဆောင်ရွက်ကြရမည်။
– ဂိုဏ်းဂဏဖြစ်စေသော မမှန်ကန်သည့်နည်းဖြင့် အစုအသင်း၊ လူစုဖွဲ့ခြင်းကို ရှောင်ကြဉ်၍ အမှန်တရားအတွက် စုပေါင်းလုပ်ဆောင်ကြရမည်။
– အဖွဲ့ဝင်အချင်းချင်း ရဲဘော်စိတ်ဓာတ်ဖြင့် ရင်းနှီးစွာ ဝေဖန်အကြံပေး ကူညီကြရမည်။
– မှန်ကန်သော ချစ်ခြင်းမေတ္တာအပေါ် အခြေခံ၍ တလင်တမယားစနစ်ကို လက်ခံကြရမည်။
– လောင်းတမ်းကစား၊ အရက်လိုက်စားခြင်း၊ မူးယစ်ဆေးဝါးနှင့် မူးယစ်သောက်စားခြင်းအမျိုးမျိုးကို ရှောင်ကျဉ်ရမည်။
– အမျိုးသမီးများ၏ ဘဝလွတ်မြောက်ရေးအတွက် ဆန့်ကျင်သော လုပ်ဆောင်ချက်များကို ရှောင်ကျဉ်ရမည်။

**ဗဟိုအမျိုးသမီး အစည်းအရုံး ဘဏ္ဍာရေးမှူး**

– ဗဟိုတခုလုံးအတွက် ရံပုံငွေ၊ ဝင်ငွေ၊ ထွက်ငွေ၊ စာရင်းများ စနစ်တကျ ထားရှိရမည်။
– ဝင်ငွေ၊ ထွက်ငွေ၊ စာရင်းများ ပြုစုပြီး အထက်သို့ တင်ပြအစီရင်ခံရမည်။
– အောက်ခြေအဆင့်ဆင့် ငွေစာရင်းကိုင်နည်း၊ သုံးစွဲနည်း စသည်တို့ စနစ်ကျရေးအတွက် ညွှန်ကြားမှုများ ပြုလုပ်ရမည်။ လိုအပ်ပါက မဖြစ်မနေ ကိုယ်တိုင်နယ်ဆင်း၍ အကြံဉာဏ်များ ပေး၍ ရှေ့ဆောင်ရမည်။

**ဗဟိုအမျိုးသမီးအစည်းအရုံး စာရင်းစစ်**

– ဗဟိုအမျိုးသမီး အစည်းအရုံးငွေစာရင်းများ လိုအပ်သလို စနစ်တကျ ထိန်းသိမ်းထားမှုရှိမရှိ စစ်ဆေးရမည်။
– အစည်းအရုံး၏ ဝင်ငွေထွက်ငွေ၊ စာရင်းရှင်းတမ်းများကို ၆လတကြိမ် စစ်ဆေးပြီး ဗဟိုအမျိုးသမီးအစည်းအရုံး သဘာပတိထံသို့ အစီရင်ခံတင်ပြရမည်။
– ငွေများထုတ်ယူသုံးစွဲရာတွင် စနစ်ကျမှုရှိမရှိ စစ်ဆေးရမည်။
– ဘဏ္ဍာရေးမှူးထံတွင် လက်ကျန်ငွေနှင့် ငွေစာရင်းချုပ် ကိုက်ညီမှုရှိမရှိ စစ်ဆေးရမည်။
– အစည်းအရုံး တိုးတက်ရန် အကြံဉာဏ်များပေးခြင်း၊ အခြားအမှုဆောင်များနှင့်အတူခွဲဝေ တာဝန်ယူရမည်။

**အပိုဒ် ၈။ အမျိုးသမီး အစည်းအရုံး အဖွဲ့ဝင်များအား ချီးမြှောက်ခြင်း**

– အမျိုးသမီးများ မိမိအစည်းအရုံး၏ လုပ်ငန်းတာဝန်များကို ထူးချွန်တက်ကြွစွာ တာဝန်ယူဆောင်ရွက်သူတို့ကို ထိုက်သင့်မှန်ကန်သော ချီးမြှောက်မှုများ ပြုလုပ်ရမည်။
– အမျိုးသားများကဲ့သို့ လက်နက်ကိုင် တော်လှန်ရေးတိုက်ပွဲများတွင် ပါဝင်ဆင်နွဲသော ထူးချွန်သည့် အမျိုးသမီးများကို ချီးမြှောက်ရမည်။
– ရန်သူများ၏ ရက်စက်စွာ မတရားကျင့်ခံရသူနှင့် သေဆုံးသွားသူ အမျိုးသမီးများကိုလည်း ထိုက်သင့်သော ချီးမြှောက်မှုများ ပြုလုပ်ပေးရမည်။
– ချီးမြှောက်သင့်မသင့် စိစစ်ရာတွင် ချီးမြှောက်ရေး အစီအစဉ် ပြုလုပ်ရေး ဆပ်ကော်မီတီဖွဲ့စည်းရေးကို ဗဟိုအမျိုးသမီး ဥက္ကဌမှ အမှုဆောင်များနှင့် ညှိနှိုင်းပြီး ဆောင်ရွက်ရန် ကရင်အမျိုးသား ဗဟိုအစည်းအရုံးနှင့် ဆက်သွယ်ညှိနှိုင်း စီစဉ်ရမည်။

**အပိုဒ် ၉။ အစည်းအရုံးဝင်ခြင်း**

– အမျိုးသမီး အစည်းအရုံး၏ ဖွဲ့စည်းပုံစည်းမျဉ်းဥပဒေ စည်းကမ်းများကို လိုက်နာသောအဖွဲ့ဝင်ကြေး၊ နှစ်စဉ်ကြေးပေးသော အသက် ၁၅နှစ်နှင့်အထက် အမျိုးသမီးတိုင်း ဝင်နိုင်သည်။
– ကရင့်တော်လှန်ရေးဒေသအတွင်းရှိ ကရင်အမျိုးသမီးများသာမက အခြားလူမျိုးကွဲ အမျိုးသမီးများပါ လူမျိုး၊ ဘာသာမရွေးဝင်နိုင်သည်။
– အလှမ်းဝေးသောဒေသမှလည်း အမျိုးသမီး အစည်းအရုံး၏ မူဝါဒ၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်တို့ကို လက်ခံကျင့်သုံးလျှင် နီးစပ်ရာအစည်းအရုံး အဖွဲ့ဝင်အဖြစ် လက်ခံနိုင်သည်။

**အပိုဒ် ၁၀။ အပြစ်ပေး၊ အရေးယူခြင်း**

– အစည်းအရုံး အဖွဲ့ဝင်များသည် အစည်းအရုံး၏ စည်းကမ်းများကို ကျူးလွန်ပါက (သို့) ဆန့်ကျင်မှုများ ပြုလုပ်မည်ဆိုပါက ကျူးလွန်သည့်ပြစ်မှု၏ အပေါ့အလေး၊ အကြီးအသေး၊ အတိမ်အနက်အပေါ် မူတည်၍...

ပညာပေး နားလည်မှုပေးခြင်း
နားလည်မှုပေးခြင်းနှင့် သတိပေးခြင်း
သတိပေးခြင်းနှင့် တာဝန်ရပ်ဆိုင်းခြင်း
နောက်ဆုံး အဖွဲ့အစည်းမှ ထုတ်ပစ်ခြင်းများ ပြုလုပ်ရမည်။

– အုပ်ချုပ်ရေး စည်းကမ်းများကို ကျူးလွန်မိပါက အုပ်ချုပ်ရေးဆိုင်ရာ အပြစ်ပေးမှုကို ခံယူကြရမည်။ အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်သင့်သော ပြစ်မှုများဖြစ်ပါက ထုတ်ပစ်ရမည်။

**အပိုဒ် ၁၁။ အဖွဲ့ဝင်အဖြစ် ပြန်လည်လက်ခံခြင်း**

အပြစ်ကျူးလွန်၍ အပြစ်ပေးခံရသူများသည်

– အပြစ်ကို ရိုးသားစွာဝန်ခံခြင်း

– နောင်တရ၍ အဖွဲ့ဝင်အဖြစ် ပြန်လည်ဝင်ရောက်လိုသော သဘောထားများအပေါ် ဗဟို၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအဆင့်ဆင့် အစည်းအရုံးအမှုဆောင်များသည် အဖွဲ့ဝင်အဖြစ် ပြန်လည်လက်ခံရန် တိုင်ပင်ညှိနှိုင်းကာ စနစ်တကျ ပြန်လည်လက်ခံနိုင်သည်။

**အပိုဒ် ၁၂။ ဗဟိုကြီးကိုင်မှုအရ အစီရင်ခံခြင်း။**

ဗဟို၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာ စသည့် အစည်းအရုံးများသည် အဆင့်ဆင့်အထက်အောက်၊ အောက် အထက် အစီရင်ခံရေးအတွက် အချိန်ကိုက်စေရန် အဆင့်ဆင့် သတ်မှတ်ဆောင်ရွက်ရမည်။

**အပိုဒ် ၁၃။ ကရင်အမျိုးသမီး အစည်းအရုံးတိုးတက်ရေး**

တာဝန်ယူဆောင်ရွက်သော လုပ်ငန်းမှန်သမျှ လွယ်လွယ်ကူကူ အဆင်ပြေ ချောမွေ့စေရန် အတွက် ကရင်အမျိုးသား အစည်းအရုံး၊ ကရင်လူငယ်အစည်းအရုံး (ဗဟို၊ ခရိုင်၊မြို့နယ်နှင့် ကျေးရွာ) အဆင့်ဆင့်တို့နှင့် အပြန်အလှန် ဆက်သွယ်လုပ်ဆောင်ရမည်။

**အပိုဒ် ၁၄။ နိဂုံးချုပ်**

ကရင်အမျိုးသမီးများ၏ ဘဝလွတ်မြောက်ရေးသည် အမျိုးသားများ၏ဘဝလွတ်မြောက်ရေးနှင့် ထပ်တူထပ်မျှ ဘဝတူများဖြစ်သည်။ တမျိုးသားလုံး လွတ်မြောက်ရေးအတွက် တာဝန်အတူ ထမ်းဆောင်နေသော ဘဝတူများဖြစ်သည်။

အမျိုးသမီးများ ဘဝလွတ်မြောက်ရေးအတွက် စုစည်းစွာတိုက်ပွဲဝင်ကြရန် အထက်ပါအတိုင်း အမျိုးသမီးအစည်းအရုံး၏ ဖွဲ့စည်းပုံစည်းမျဉ်းဥပဒေအရ စုစည်းစည်းရုံးကြရန်ဖြစ်သည်။

❑❑❑